# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆည်တော်ကြီးရေလှောင်တမံ ရေဝင်အားကောင်း၍ ခါတ်အားပေးစက်ရုံများ လည်ပတ်နိုင်သည့်အပြင် စိုက်ပျိုးရေပါ ပေးဝေနိုင်ပြီ



ဆည်တော်ကြီးရေလှောင်တမံ။

မတ္တရာ ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံအတွင်း မြန်မာပြည်အထက်ပိုင်းတွင် မိုးများရွာသွန်း၍ ရေများဝင်ရောက်ခဲ့ကာ ခါတ်အားပေးစက်ရုံများ ပုံမှန်လည်ပတ်လျက်ရှိပြီး စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ဩဂုတ် ၂ ရက် နံနက် ၆ နာရီတွင် ဆည်တော်ကြီးတမံ ကန်တွင်းရေအမှတ်မှာ ၃၉၆ ဒသမ ၃ ပေသို့ရောက်ရှိနေသည်။ ကန်တွင်းရေအနက်မှာ ၉၈ ဒသမ ၃ ပေဖြစ်ပြီး ရေပမာဏမှာ ဧကပေ ၂၁၆၇၄၀ သိုလှောင်ထားသည်။ ကန်အတွင်းဝင်ရေမှာ ၅၃၀၇ ဧကပေရှိသည်။ ရေအားလျှပ်စစ်စက်ရုံ (၁) မှ ၅ ဒသမ ၁ မဂ္ဂါဝပ်၊ ရေအားလျှပ်စစ်စက်ရုံ(၂)မှ ၅ ဒသမ ၃ မဂ္ဂါဝပ်ကို ၂၄ နာရီလျှပ်စစ်ခါတ်အား ထုတ်လုပ်ပေးလျက်ရှိပြီး စိုက်ပျိုးရေးအတွက် မန္တလေးတူးမြောင်းမှ ဆည်ရေ ၈ ဒသမ ၇ ပေနှင့် ရေနံ့သာတူးမြောင်းမှ ဆည်ရေခြောက်ပေခန့် မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များသို့ စာမျက်နှာ ၅ ကော်လံ ၅ ◆

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ကမ်းနီးငါးသယ်လှေများ၌ VMS တပ်ဆင်ရမည်

မြိတ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထိုင်းနိုင်ငံသို့ ငါးများသွားရောက် ရောင်းချနေသည့် ကမ်းနီး ငါးသယ်လှေများတွင် VMS (Vessel Monitoring System) တပ်ဆင်ရမည်ဖြစ်ကြောင်း ရေလုပ်ငန်းရှင်များထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးဖမ်းဆီးခြင်း ဆောင်ရွက်နေသည့် ကမ်းဝေးငါးဖမ်းလှေကြီးအားလုံးတွင် VMS တပ်ဆင်ထားသကဲ့သို့ ငါးသယ်လှေကြီးများတွင်လည်း VMS တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။



"ကမ်းနီးငါးသယ်လှေတွေမှာ အရင်က VMS တပ်ဆင်ထားရတာမရှိဘူး။ ကမ်းနီး ငါးသယ်လှေလို့ဆိုရာမှာ နိုင်ငံခြားကို ငါးသွားရောက်ရောင်းချနေတဲ့ လှေတွေကို ဆိုလိုတာပါ။ ပြည်တွင်းမှာ ငါးသယ်ယူ ပို့ဆောင်ပေးနေတဲ့ ငါးဖမ်းလှေလေးတွေ မပါဘူး။ ငါးသယ်လှေကြီးတွေမှာက အရင်ကတည်းက VMS တပ်ဆင်ထားတာရှိတယ်။ အခုက ငါးသယ်လှေကလေးတွေပါ တပ်ဆင်ရမယ်လို့ သိရတယ်။ တနင်္သာရီတိုင်းဒေသကြီးဘက်မှာက ထိုင်းနိုင်ငံကို ငါးသွားရောင်းရတာဆိုတော့ ထိုင်းကိုသွားနေတဲ့ ကမ်းနီးငါးသယ်လှေတွေမှာ တပ်ဆင်ရမှာပါ။

စာမျက်နှာ ၅ ကော်လံ ၁ ❍

**ယနေ့ ဖတ်စရာ**


လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ — ပြည်တွင်းသတင်း | စာ ၂

အရန်ဆန်အိတ် ငါးသောင်းကို တစ်အိတ် ခြောက်သောင်းကျပ်ထက် မပိုသောဈေးဖြင့် ရောင်းချပေးသွားမည် — ပြည်တွင်းသတင်း | စာ ၄

ဒုတိယဆီအိုး ဖြိုးလျှံတိုးအောင် ကြံဆောင်မနေး ပြည့်ရှေ့ရေး — ဆောင်းပါး | စာ ၆

# အစဉ်အမြဲဖွင့်လှစ်ထားသည့် တံခါးဆီ

မိမိတို့နိုင်ငံကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ မဖြစ်မနေလိုအပ်လျက်ရှိသည်။ ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည့်အားလျော်စွာ နိုင်ငံတော်အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးအတွက် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ယူထားရသည့်ကာလတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အတိုင်း အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးသည်ဟု အလေးအနက် ခံယူထားရှိသည့်အလျောက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တာလုံးနှင့် ယခု ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလလုံးတို့ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်တမ်းတိုးမြှင့်ပေးခဲ့သည်။

ထို့အပြင် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့် ပတ်သက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည်ကို ပွင့်လင်းမြင်သာစွာ အကျေအလည်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃) ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း (၃) ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား (၂) ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကာလအတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ (၇) ဖွဲ့၊ လက်မှတ်ထိုးထားခြင်းမရှိသည့် အဖွဲ့ (၃) ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၂၂ ကြိမ် ပြုလုပ်ထားသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA သည် အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိသည့် ကတိကဝတ်များဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်များ လက်နက်ကိုင်လမ်းကြောင်းမှ နိုင်ငံရေးစင်မြင့်ပေါ်တက်ရောက်လာနိုင်ရေးတွင် အရေးကြီးသည်။ တိုင်းရင်းသားများ၏ လိုလားချက်များ၊ ဆန္ဒများနှင့် ရည်မှန်းချက်များကို တိုင်းရင်းသားကိုယ်စားလှယ်များက လွှတ်တော်ထဲတွင် ဂုဏ်သိက္ခာရှိရှိဖြင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော်နိုင်သည့် အခင်းအကျင်းဆီသို့ ရောက်ရှိနိုင်ရန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ဆောင်ရွက်ကြရမည်ဖြစ်ရာ မိမိတို့နိုင်ငံငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒရှိသည့် EAO များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲဖွင့်လှစ်ထားသည့်တံခါးဆီသို့ လျှောက်လှမ်းဝင်ရောက်ကာ တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ကြပါစေကြောင်း။ ။



## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific



Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng Voyah Free အမျိုးအစား လျှပ်စစ်သုံးယာဉ် နှစ်စီး၊ Dongfeng Voyah Dream အမျိုးအစား လျှပ်စစ်သုံးယာဉ် နှစ်စီး၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG, MG5 အမျိုးအစား လျှပ်စစ်သုံးယာဉ်ငါးစီး စုစုပေါင်း လျှပ်စစ်သုံးယာဉ် ကိုးစီးနှင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Jinpeng အမျိုးအစား လျှပ်စစ်သုံး သုံးဘီးမော်တော်ဆိုင်ကယ် အစီး ၅၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ၃-၈-၂၀၂၃ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၅ -၈ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃၁) တွင်** စည်းကမ်းမလိုက်နာသည့်အတွက် ဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော်လည်း နောင်တွင် စည်းကမ်းလိုက်နာပြီး လူကြီးမိဘတို့၏စကားကို နားထောင်သည့်ကျားလိမ္မာလေးတစ်ကောင်ဖြစ်သွားသော ပိုပို အကြောင်း ရေးဖွဲ့ထားသည့် "စည်းကမ်းမလိုက်နာတဲ့ ပိုပို" မျက်နှာဖုံးကာတွန်း၊ ဗိုက်တာမင်စီနှင့် အမျှင်ဓာတ်များအပြင် ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသည့် ကယ်လ်ဆီယံနှင့် ပိုတက်စီယံဓာတ်သတ္တုတို့ပါဝင်သည့် ကီဝီသီးဖြစ်ပေါ်လာပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ကီဝီသီး အမည်တွင်ခဲ့ရပုံ" သုတဆောင်းပါး၊ သူတစ်ပါးဒုက္ခရောက်နေသည်ကို အကူအညီပေးခဲ့သောကြောင့် ဆရာ ဆရာမများ အပါအဝင် အတန်းဖော်သူငယ်ချင်းများကပါ အားကျလေးစားခြင်းခံရသော ပေါက်ကျော်အကြောင်းကို သရုပ်ဖော်ထားသည့် " လိမ္မာတဲ့ပေါက်ကျော်" နှစ်မျက်နှာကာတွန်း၊ မောင်တမာသည် လောဘကြီးသော တောသူဌေးလင်မယား နှစ်ယောက်၏ သူရင်းငှားများအပေါ် မတရားခိုင်းစေကာ လုပ်အားအမြတ်ထုတ်ခြင်းကို ကောင်းစွာသင်ခန်းစာပေးနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "လောဘကိုအနိုင်ယူခြင်း" ပုံပြင်ကဏ္ဍ၊ အာတူးနှင့် သူ့ခွေးလေးကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "အာတူး" တစ်မျက်နှာကာတွန်း၊ အိမ်အပြန် ရထားစီးရာလမ်းတွင် သစ်ပင်များ၊ လယ်ကွက်များမှာ တရိပ်ရိပ် ကျန်နေခဲ့သော်လည်း သူငယ်ချင်းဖိုးတေမှာမူ ကျွန်တော့်ရင်ထဲတွင် အမြဲရှိနေတော့မည်ဆိုသော မော်ဇာပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့သည့် မောင်ဇော်နီဦးအကြောင်းကို ရေးဖွဲ့ထားသော "သူငယ်ချင်း ဖိုးတေ" ဝတ္ထုကကဏ္ဍ၊ မိမိ၏အပြောအဆို ကြမ်းတမ်းမှုကြောင့် မိဘများနှင့်အတူ ချောင်းသာကို လိုက်မသွားရဘဲ အိမ်တွင်ကျန်ခဲ့သော ကီးကီအကြောင်းကို



ရေးဖွဲ့ထားသည့် "မရှိရင်တောင်း" နှစ်မျက်နှာကာတွန်း၊ Preposition (ဝိဘတ်) နှင့် ဆိုင်သော ပြန်လှန်လေ့ကျင့်ခန်း သင်ခန်းစာသစ်အချို့ကို တင်ဆက်ထားသည့် ဆရာ KML ၏ "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" ကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့၌ ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**စစ်တွေ ဩဂုတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားရေးစီမံကိန်းအရ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ ကျောက်တန်းချေ ကျေးရွာ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး (အပေါ်ပုံ) သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်လျက်ရှိပြီး ယနေ့မှ စက်တင်ဘာ ၁ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၎င်းသင်တန်းပြီးနောက် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းကို ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကာ အခြေခံနှင့် မွမ်းမံသင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား ဌာနမှ ငွေကျပ်ဆယ်သိန်းနှင့် ညီမျှသော ထောက်ပံ့ပစ္စည်းပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၃

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် အမှုဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားပြိုင်ကွင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်က အမှာစကားပြောကြားသည်။ **(ယာပုံ)** ထို့နောက် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်၊ အတွင်းရေးမှူးဦးဇော်လင်း၊ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းဇော် ထွန်းလင်းတို့က မိတ်ဆက်စကား ပြောကြားသည်။



ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားသော ဧည့်သည်တော်များက ပိုက်ကျော်ခြင်းအားကစားတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးသည်။

**အာကာစိုး**

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၁ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး တင်အောင်စန်း |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မြထွန်းဦး |
| (၅) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၇) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် |
| (၈) | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် |
| (၉) | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာ ကံဇော် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာ သီတာဦး |
| (၁၃) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၄) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၅) | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဦးလှမိုး |
| (၁၇) | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၈) | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဉာဏ်ထွန်း |
| (၁၉) | ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၀) | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန | ဒေါက်တာ ချာလီသန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဦးအောင်နိုင်ဦး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | ဒေါက်တာ ညွန့်ဖေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာ မျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာ သက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၂၈) | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာ စိုးဝင်း |
| (၃၀) | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာ သက်သက်ခိုင် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၂) | အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၂ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

## ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသာဌေး အား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၃ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ဇော်သိန်း အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၄ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ခင်နိုင်ဦး အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၅ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်သော် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၆ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစစ်အေး အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းဦး အား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဝေါလွင်စိန် အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၉ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး |
| (၂) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ထိန်လင်းဦး အား ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အရန်ဆန်အိတ် ငါးသောင်းကို တစ်အိတ် ခြောက်သောင်းကျပ်ထက်မပိုသော ဈေးဖြင့် ရောင်းချပေးသွားမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်စုဆောင်းထားသော အရန်ဆန်များကို ဈေးကွက်ပေါက်ဈေးအောက်တွင် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး အပါအဝင် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ အသင်းချုပ်၏ ဆန်ပြည်ပတင်ပို့မှုဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ပြည်ပဆန်တင်ပို့နေသည့် Exporter ကုမ္ပဏီကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုအရ သိုလှောင်ထားပြီးသော အရန်ဆန်များကို သက်သာသော ဈေးနှုန်းဖြင့် စက်မှုဇုန်မှ အခြေခံအလုပ်သမား မိသားစုများ၊ ဌာနဆိုင်ရာ လစာနည်းဝန်ထမ်းများအား ရောင်းချပေးခြင်း၊ လုပ်သားပြည်သူများသို့ ဆန်ကုန်စည်ဒိုင်များ၊ စည်ပင်သာယာဈေး အရောင်းဆိုင်များမှ တစ်ဆင့် ရောင်းချပေးခြင်း အစီအစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်က ထုတ်ပြန်ကြေညာထားသော ဆန်အိတ် ၅၀၀၀၀ (Well Milled, Polished & Sortexed) ၂၅ ရာခိုင်နှုန်း အဆင့်ဧည့်မထဆန်များကို တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ကနဦးစတင်ရောင်းချရန် စီစဉ်သွားမည် ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။ **မျိုးမင်းသူရ**

**ဓာတ်ပုံ - မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၂၄)ကြိမ်မြောက် လစဉ် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲ

## “သားငါးကဏ္ဍ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး” ခေါင်းစဉ်ဖြင့် ကျင်းပ

**နေပြည်တော် ဩဂုတ် ၃** စားရေရိက္ခာ ဖူလုံပို့လျှံရေးကြိုးပမ်းရာတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကို အရေးပါသောအခန်းကဏ္ဍ တစ်ခုအဖြစ် ဆောင်ရွက်ရန် လိုကြောင်း၊ သို့မှသာ နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေးဦးတည်ချက် ဖော်ဆောင်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ပြုလုပ်သည့် (၂၄) ကြိမ်မြောက် လစဉ် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

**အဓိကအကောင်အထည်ဖော်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းမှသည် စားသုံးသည်အထိ အစားအသောက်ကွင်းဆက်တစ်လျှောက် အဆင့်တိုင်းတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လွှမ်းခြုံနိုင်ရန်နှင့် သားငါးတင်သွင်းတင်ပို့မှု နှစ်ရပ်စလုံးတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့ဝန်ကြီးဌာနက အဓိက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ သားငါးကဏ္ဍ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် သုတေသနဆောင်ရွက်ရမည့် ဦးစားပေးအဆင့်အလိုက် လုပ်ငန်းများကို ယနေ့ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဖော်ထုတ်ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။





**အကြံပြုဆွေးနွေး**

ယနေ့ စကားဝိုင်းဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက အစီအစဉ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပါဝင်ဆွေးနွေးကြသူများက သားငါးထွက်ကုန်များ အစားအစာဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဌာနများက ဆောင်ရွက်နေမှု၊ သားငါးထွက်ကုန်များ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့် ဌာနများက လိုက်ပါဆောင်ရွက်နေမှုများ၊ ပညာပေးအစီအစဉ်နှင့် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များ၊ သားငါးထွက်ကုန်များ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက မေးမြန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါ့ဆမှုကြောင့် လူနာများအတွက် ဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃** ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(အောက်ပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ အောင်မြင်စွာနှင့် လွယ်ကူစွာဖွင့်လှစ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လက်ရှိအချိန်တွင် အထွေထွေရောဂါကုဆေးခန်း ၅၁၂၄ ခု၊ အထူးကုဆေးခန်း ၁၀၀၂ ခု၊ အထွေထွေရောဂါကုဆေးရုံ ၂၇၀ ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအနေဖြင့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ လူနာများဘေးကင်းလုံခြုံရန်၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဘေးကင်းလုံခြုံရန်၊ အခြားဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည့် အချက်အလက်များ ပြည့်စုံစွာဆောင်ရွက်ထားရှိခြင်း ရှိ/မရှိတို့ကို အထူးအလေးထားစိစစ်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေးနှင့် နှောင့်နှေးမှုမဖြစ်ပေါ်စေရေး သတိပြုရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်ထားရှိရမည့် ကဏ္ဍာပေါင်းစုံအား ပြီးပြည့်စုံရန်ဆောင်ရွက်ထားမှသာ ဗဟိုအဖွဲ့အနေဖြင့် တစ်လအတွင်း လိုင်စင်ကို ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပေါ့ဆမှုကြောင့် လူနာများအတွက် ဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် သက်ဆိုင်ရာ ဆေးကောင်စီ/သူနာပြုနှင့်သားဖွားကောင်စီများက အသိအမှတ်ပြုထုတ်ပေးထားသည့် ဆေးကုသခွင့်လိုင်စင်/သူနာပြု-သားဖွားသက်တမ်းရှိလိုင်စင်ရရှိပြီးသူဖြစ်ရန်၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ငြိစွန်းထားသူများမဖြစ်ရန်၊ နိုင်ငံခြားသားဆရာဝန်/သူနာပြုအနေဖြင့် အချိန်ပိုင်းဝန်ဆောင်မှုပြုလိုပါက သက်ဆိုင်ရာကောင်စီများက အသိအမှတ်ပြုထုတ်ပေးသော သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ရှိရန် လိုအပ်ကြောင်း၊ လူနာများဘေးကင်းလုံခြုံရေးအတွက် အဆောက်အဦပိုင်းဆိုင်ရာ တည်ဆောက်မှုအရည်အသွေးပြည့်ဝစေရေး၊ ၂၄ နာရီဝန်ဆောင်မှုနှင့် အရေးပေါ်ဝန်ဆောင်မှုပေးနိုင်ရေး၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်ခွဲခန်း စသည်တို့သည် အရေးကြီးသောအင်္ဂါရပ်များဖြစ်၍ အဆင့်ဆင့်ကွင်းဆင်းအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းစိစစ်ပြီး လိုအပ်ချက်များ ပြည့်စုံမှုရှိစေရန် အလေးထားညွှန်ကြားစိစစ်ရမည်ဖြစ်ကြောင်း၊ အသုံးပြုဆေးဝါးများသည် FDA အသိအမှတ်ပြုဖြစ်စေရေးကို တိကျစွာ ထိန်းကျောင်းလျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရန်အတွက် ပုဂ္ဂလိကဆေးရုံများတွင် ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းများ၊ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများ၊ နှလုံးခွဲစိတ်ကုသမှုနှင့် အဆင့်မြင့်စစ်ဆေးခြင်းလုပ်ငန်းများ၊ ကင်ဆာဓာတ်ကင်ခြင်းနှင့် ဆေးသွင်းခြင်းလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းခြင်းကို ဥပဒေနှင့်အညီ ထိန်းကျောင်းရန်ဖြစ်ကြောင်း၊ ပြင်ပအကူ သူနာပြုသင်တန်းကျောင်းများ၊ ဆေးဝါးကျွမ်းကျင်သင်တန်းကျောင်းများ ဖွင့်လှစ်နေခြင်းကို ထိန်းကျောင်းရန်အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဥပဒေနှင့်အညီ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ကောင်းမွန်သောအကြံပြုချက်များ ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု၊ အတည်ပြု မှတ်တမ်းဆောင်ရွက်ထားရှိမှု၊ အထူးကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်)လျှောက်ထားလာသည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပုဂ္ဂလိက ကျန်းမာရေး) ဒေါက်တာခင်ခင်ကြီးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီက ခွင့်ပြုပြီး လုပ်ငန်းများအတည်ပြုမှတ်တမ်းတင်ရန်နှင့် အမည်ပြောင်းလျှောက်ထားလာခြင်းကိုလည်းကောင်း ဆွေးဆွေးကြပြီး တက်ရောက်လာသည့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**



○ *ရှေ့ဖုံးမှ*

လာမည့် နိုဝင်ဘာလပိုင်းကျရင် ဒီညွှန်ကြားချက်က အသက်ဝင်လာမှာ ဖြစ်ပါတယ်”ဟု မြိတ်မြို့မှ ငါးလှေပိုင်ရှင်တစ်ဦးက ပြောကြားသည်။

တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ငါးဖမ်းလှေများမှရရှိသော ငါးများကို ထိုင်းနိုင်ငံသို့ သွားရောက်ရောင်းချနေသည့် ငါးသယ်လှေများတွင် VMS တပ်ဆင်ရန် ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ယခုလအတွင်း အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

“VMS တပ်ဆင်ရာမှာ သတ်မှတ်ညွှန်ကြားချက်အတိုင်း မလိုက်နာဘူးဆိုရင် ဒဏ်ငွေတပ်ရိုက်ခံရနိုင်တယ်။ နောက်ထပ်တွေ့ရှိပါက လှေနှင့် လုပ်ငန်းပါ အသိမ်းခံရနိုင်ပါတယ်။ ဒဏ်ငွေကျပ်သိန်း ၃၀၊ လုပ်ငန်းယာယီရပ်နားတာ၊ နောက်ထပ်ဒဏ်ငွေတိုးတာ၊ လုပ်ငန်းယာယီရပ်နားခိုင်းတာ ပိုကြာမြင့်တာမျိုး၊ သုံးကြိမ်မြောက်ဆိုရင် ဥပဒေအရ အရေးယူခံရပြီး လုပ်ငန်းအပြီးတိုင် ရုပ်သိမ်းခံရတာမျိုးတွေ ရှိပါတယ်”ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပင်လယ်ပြင်အတွင်း လုပ်ကိုင်လျက်ရှိသော ငါးဖမ်းလှေများနှင့် ငါးသယ်လှေများကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မြိတ်မြို့တို့တွင် စောင့်ကြည့်ရေးစင်တာများ ထားရှိကာ စောင့်ကြည့်ဆောင်ရွက်နေကြောင်းနှင့် ကမ်းဝေးလှေကြီးများနှင့် ငါးသယ်လှေကြီးများတွင် VMS ကို အမြဲတမ်းတပ်ဆင်ထားရပြီး ငါးဖမ်းရာသီ ရပ်နားထားရသည့် အချိန်များတွင် VMS တပ်ဆင်ကာ လစဉ်ကြေး ပေးဆောင်ရကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

◆ *ရှေ့ဖုံးမှ*

စိုက်ပျိုးရေမျာပေးဝေထားသည်။ ရေပိုလွှဲတံခါးများ ပိတ်ပေးထားသည်။ ဆည်တော်ကြီးရေလှောင်တမံ ကန်ရေပြည့်အမှတ်မှာ ၄၁၉ ဒသမ ၅ ပေနှင့် ရေလှောင်ပမာဏမှာ ဧကပေ ၃၆၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

**အိမ်ပြင်ပဒ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒုတိယဆီအိုး ဖြိုးလျှံတိုးအောင် ကြံဆောင်မနေး ပြည့်ရှေ့ရေး

မိုင်သန်းနေ

**ပင်လယ်ပြာပြာ၊ စိမ်းညို့ညို့ တောင်တန်း၊ စိမ့်စမ်းရေတံခွန် အသွယ်သွယ်ဖြင့် သဘာဝရေမြေအနေအထားအရ ရှုမဝအောင်လှပနေသည့် ဒက္ခိဏတိုင်းဋ္ဌာနေ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း ကမ်းရိုးတန်းမြေမဟီ တနင်္သာရီ ဤဒေသ၏နယ်ခြားစည်းရိုး ကော့သောင်းမြို့သို့အရောက် သွားရာလမ်းတစ်လျှောက်တွင် ဆီအုန်းပင်များ အစီအရီစိုက်ပျိုးထားပါသည်။**

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာ့စပါးကျီအဖြစ် ထင်ရှားသကဲ့သို့ ဆီအိုးကြီးအဖြစ် ပဲ၊ နှမ်း၊ ပြောင်း အထွက်များသော မကွေးတိုင်းဒေသကြီးကို တင်စားထားပါသည်။ ဤသို့ဆိုလျှင် ဆီအုန်းပင်များစွာဖြစ်ထွန်းပေါက်ရောက်နေသော တနင်္သာရီတိုင်းဒေသကြီးသည် ဒုတိယဆီအိုးကြီးအဖြစ် မှတ်ကျောက်တင်နိုင်ရန် အလားအလာကောင်းများစွာရှိပါသည်။

**ပြည်ပမှ ဆီတန်ချိန်များစွာတင်သွင်းနေရ**

မြန်မာနိုင်ငံတွင် ဆီစားသုံးမှုမှာ တစ်ဦးချင်းအနေဖြင့် မြင့်မားပြီး နှစ်စဉ် ပြည်ပမှ စားအုန်းဆီတန်ချိန်များစွာ တင်သွင်းနေရပါသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စားသုံးဆီ တန်ချိန် ရှစ်သိန်းကျော် (အမေရိကန်ဒေါ်လာသန်း ၈၃၀ ကျော်ဖိုးခန့်) တင်သွင်းခဲ့ရသည်ဟု စစ်တမ်းများအရ သိရပါသည်။ ထိုသို့နိုင်ငံခြားငွေအဆမတန် ယိုဖိတ်မှုမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအဟန့်အတား ဖြစ်ရပါ၏။

ပြည်တွင်းမှာပင် စိုက်ပျိုးထုတ်လုပ်နိုင်ပါလျက်နှင့် ပြည်ပမှ ဈေးကြီးပေး ဝယ်ယူတင်သွင်းစားသောက်နေခြင်းမှာ နိုင်ငံခြားထွက်ကုန်ကိုမှ အထင်ကြီးခြင်းကြောင့်လား၊ ပြည်တွင်းထွက်စားသုံးဆီ အရည်အသွေး စံမမီသောကြောင့်လား၊ ပြည်တွင်းထွက်ကုန်ပမာဏ မလုံလောက်၍လား၊ ပြည်တွင်းစားသုံးဆီဈေးနှုန်း မြင့်တက်သောကြောင့်လား။ ထို "လား" ပေါင်းများစွာကို ဖြေရှင်းနိုင်ရန်မှာ ပြည်တွင်းထွက်ကုန် အားကောင်းပြီး အရည်အသွေး စံချိန်မီရန် အရေးအကြီးဆုံး ဖြစ်ပါသည်။

**စားဆီအမျိုးအစားသုံးမျိုး**

ကျန်းမာရေးနှင့်ညီညွတ်စေရန် လူတစ်ဦးသည် တစ်ရက်လျှင်ဆီ ၁ ဒသမ ၈ ကျပ်သားမျှသာ စားရန်လိုအပ်၏။ စားသုံးဆီကို အဓိက သုံးမျိုးခွဲခြားနိုင်ပါသည်။ မပြည့်ဝဆီ၊ ပြည့်ဝဆီနှင့် အသွင်ပြောင်းဆီတို့ ဖြစ်ပါသည်။ မပြည့်ဝဆီသည် သံလွင်ဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ပဲပိစပ်ဆီ၊ ပြောင်းဖူးစေ့ဆီ၊ ထောပတ်သီးဆီ စသည့် ဟင်းသီးဟင်းရွက်ဆီများဖြစ်ကြပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။

ပြည့်ဝဆီတွင် ဝက်ဆီ၊ အမဲဆီ၊ ကြက်ဆီ၊ စားအုန်းဆီ၊ နို့နှင့်နို့ထွက်ပစ္စည်း စသည်တို့ ပါဝင်ပြီး ကျန်းမာရေးကို အကျိုးပြုသည့်အဆီဓာတ်နှင့် အကျိုးမပြုသည့်အဆီဓာတ် ရောနှောပါဝင်သည်။ ပြည့်ဝဆီကို နည်းနိုင်သမျှနည်းအောင် ဂရုပြုစားသင့်ပါသည်။ စွမ်းအင်အာဟာရစားသုံးမှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် လျှော့စားရပါမည်။ အကြိမ်ကြိမ်ပြန်ကြော်ထားသောဆီများ၊ ပြန်လည်သန့်စင်ထားသောဆီများသည် အသွင်ပြောင်းဆီအမျိုးအစားထဲတွင် ပါဝင်သည်။

**ရောဂါများဖြစ်ပွားစေ**

ထိုပြောင်းလဲဆီများကို ရေရှည်စားသုံးလျှင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားစေသည့်အပြင် ကင်ဆာရောဂါအထိ ဖြစ်နိုင်ပါသည်။ ထိုထက်ဆိုးရွားသည်မှာ စားသုံးရန်မသင့်သည့် ဆီများထဲသို့ မြေပဲ၊ နှမ်း၊ နေကြာအနံ့များထည့်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေခြင်းကြောင့် ကျန်းမာရေးထိခိုက်စေခြင်းပင်ဖြစ်ပါသည်။ ဆီကိုအလွန်အကျွံစားသုံးလျှင် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ခြင်းတို့အပြင် ကင်ဆာရောဂါအထိဖြစ်နိုင်ပါသည်။ အဆီဓာတ်နည်းလျှင်မူ ကိုလက်စထရောဓာတ်လျော့ပါးနိုင်သဖြင့် လုပ်ငန်းဆောင်တာများ ချို့ယွင်းခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ အရိုးအဆစ်များနာကျင်ခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

**မှိုဆိပ်(အာဖလာတော့ဆင်)ပါဝင်နိုင်**

ထို့ပြင် ပဲ၊ နှမ်း၊ နေကြာ၊ အုန်း စသည့်အစေ့အဆန်များမှ ထုတ်ယူသည့်ဆီများတွင် သိုလှောင်မှုစနစ် ချို့ယွင်းမှုကြောင့် မှိုပေါက်ပွားကာ မှိုဆိပ် (အာဖလာတော့ဆင်) ပါဝင်နိုင်ပါသည်။ ထိုမှိုဆိပ်ကို ရေရှည်စားသုံးမိလျှင် အသည်းကြွပ်ဆတ်ကာ အသည်းကင်ဆာအထိ ဖြစ်နိုင်ပါသည်။ စားသုံးရန်မသင့် (ခွင့်မပြု) ဓာတုပစ္စည်းများ ရောထားသည့်ဆီများကို ရေရှည်ကြာမြင့်စွာ စားသုံးမိလျှင်လည်း အူမကြီးထိခိုက်ခြင်း၊ ဆီးကျိတ်ရောင်ခြင်း၊ အာရုံကြောပျက်စီးခြင်း၊ အယ်လ်ဇိုင်းမားရောဂါ၊ သူငယ်ပြန်ရောဂါ၊ သွေးကြောအဆီပိတ်ရောဂါများ ဖြစ်စေပါသည်။

**ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်**

"တန်ဆေး၊ လွန်ဘေး" ဆိုသလိုပင် ဆီလျှော့စားခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးပင်ဖြစ်ပါသည်။ တစ်ဖက်မှလည်း ပြည်တွင်းဆီလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် စားအုန်းဆီ ပိုမိုထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရပါမည်။ ယခင်ကတည်းကပင် တောမပျက်၊ တောင်မပျက် စိုက်ပျိုးခဲ့ကြသော ဆီအုန်းပင်များကို တိုးချဲ့စိုက်ပျိုးကြရပါမည်။ "အမျိုးမှန်မှ အဖိုးတန်"ဟူသည့်အတိုင်း ပျိုးပင် မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ရန် အထူးလိုအပ်ပါသည်။ စိုက်ပျိုးမြေအရည်အသွေးကိုလည်း စဉ်ဆက်မပြတ် စစ်ဆေး၊ ဖြည့်တင်းရမည် ဖြစ်ပါသည်။ ရေအလုံအလောက်ရရန်လည်း အလေးပေးရပါမည်။ သက်တမ်းကုန်အပင်များကို ဖယ်ရှားပြီး ပြန်လည်အစားထိုးစိုက်ပျိုးရန် လိုပါသည်။

**ဆီချောအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း**

သို့မှသာ ကုန်ကြမ်းပြတ်လပ်မှုမရှိနိုင်ပါ။ တစ်ဖက်တစ်လမ်းမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းဖြင့် ဆီအုန်းအထွက်တိုးအောင်ကြံဆောင်သလို စားသုံးဆီချောအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းတွင်လည်း စံချိန်မီနည်းစနစ်များ လိုအပ်ပါသည်။ ဆီအုန်းခိုင်များကိုခုတ်ပြီး ဆီကြိတ်စက်ရုံများသို့ ပို့ဆောင်ရာတွင် လမ်းခရီးဝေးလွန်းသဖြင့် အချိန်ကြာမြင့်သွားပါက ဆီအရည်အသွေးကျဆင်းသွားပါသည်။ ဆီကြိတ်စက်သည် ဆီအုန်းခြံများနှင့် နီးနိုင်သမျှ အနီးဆုံးတွင် ရှိရပါမည်။ သို့မှသာ အုန်းပျိုဆီ (Virgin Oil) ကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များကိုလည်း အလွယ်တကူ ထုတ်လုပ်နိုင်မည်ဖြစ်၏။ "နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်" ဟု ဆိုစေကာမူ နှမ်းတစ်တောင်းဖြင့်တော့ ဆီကြိတ်နိုင်ပါသည်။

စားအုန်းဆီထုတ်လုပ်ခြင်းအတွက် ဆီအုန်းပင်တိုးချဲ့စိုက်ပျိုးခြင်း၊ စံချိန်မီနည်းစနစ်များဖြင့် စားသုံးဆီ တိုးမြှင့်ထုတ်လုပ်ခြင်းတို့ကို တတ်နိုင်သမျှ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းစာအတွက် မပူမပင်ရမည့်အပြင် နိုင်ငံခြားထွက်ငွေကို "စီးသည့်ရေ ဆည်သည့်ကန်သင်း"ကဲ့သို့ တားဆီးနိုင်မည်ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် စားသောက်ကုန်ထုတ်လုပ်ငန်းမှ တစ်ဆင့် အကြီးစားစက်မှု စီးပွားရေးလုပ်ငန်းအထိ လှမ်းတက်နိုင်ပါမည်။ ဒေသခံတို့၏ အခွင့်အလမ်းလည်း ကျယ်ပြန့်လာပါမည်။

"တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ပညာရေးကို အားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးကိုအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း'' နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တနင်္သာရီတိုင်းခရီးစဉ် (၁၃-၁-၂၀၂၂ ရက်) တွင် လမ်းညွှန်မှာကြားခဲ့ပါသည်။ ထိုသို့ဆိုမိန့်ခဲ့သည့်အတိုင်း အဖိုးထိုက်တန်လှသည့် မြေဆီမြေနှစ်ကို စားအုန်းဆီပင်စိုက်ပျိုးရေးတွင် စနစ်တကျအကျိုးရှိအောင်အသုံးချမည်ဆိုပါက "မြေကြီးမှ ရွှေသီး''လာမည်မှာ ဧကန်မလွဲပါတည်း။

ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကို ဒေသထွက်ကုန်အဖြစ် ဖူလုံစွာစားသုံးနိုင်ပြီး နိုင်ငံ့စီးပွား၊ ပြည့်ခွန်အားအဖြစ် ကြွေးကြော်နိုင်ရန် ဆီအုန်းပင်များ ဆတက်ထမ်းပိုးစိုက်ပျိုးကာ အရည်အသွေးစံချိန်မီ စားသုံးဆီများ ထုတ်လုပ်ခြင်းဖြင့် စုပေါင်းကြံဆောင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



ကော့သောင်းမြို့နယ်အတွင်း စိုက်ပျိုးထားသည့် ဆီအုန်းပင်စိုက်ခင်းများ။

**"တစ်ဖက်တစ်လမ်းမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းဖြင့် ဆီအုန်းအထွက်တိုးအောင်ကြံဆောင်သလို စားသုံးဆီချောအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းတွင်လည်း စံချိန်မီနည်းစနစ်များ လိုအပ်ပါသည်။ ဆီအုန်းခိုင်များကိုခုတ်ပြီး ဆီကြိတ်စက်ရုံများသို့ ပို့ဆောင်ရာတွင် လမ်းခရီးဝေးလွန်းသဖြင့် အချိန်ကြာမြင့်သွားပါက ဆီအရည်အသွေးကျဆင်းသွားပါသည်။ ဆီကြိတ်စက်သည် ဆီအုန်းခြံများနှင့် နီးနိုင်သမျှအနီးဆုံးတွင်ရှိရပါမည်။ သို့မှသာ အုန်းပျိုဆီ (Virgin Oil) ကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များကိုလည်း အလွယ်တကူထုတ်လုပ်နိုင်မည်ဖြစ်၏"**

---

## မိုင်းယုမြို့၌ မိုးအစေ့ထုတ်ပြောင်းများ စတင်ရိတ်သိမ်းခူးဆွတ်

မိုင်းယု ဩဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့၌ တောင်သူတို့၏ မိုးဦးစိုက်အစေ့ထုတ်ပြောင်းများ ရင့်မှည့်လာ၍ အထွက်နှုန်းနှင့် အမြတ်များများရရှိရန်အတွက် ယခုဩဂုတ်လ ပထမပတ်မှစတင်၍ ရိတ်သိမ်းဆွတ်ခူးနေကြပြီဖြစ်သည်။

မိုင်းယုဒေသတွင် ဒေသခံတောင်သူများမှာ ပြောင်းကို တန်ခူးလဆန်းပိုင်း (သင်္ကြန်မိုးဦး) ကျသည်နှင့် စတင်စိုက်ပျိုးကြပြီး ပြောင်းမျိုးများမှာ Cp.888၊ ယိုးဒယား 288၊ F.888 နှင့် Cp.222 မျိုးများကိုသာ အဓိကအားထားစိုက်ပျိုးကြကြောင်း၊ တောင်သူများ မိုးအစေ့ထုတ်ပြောင်းများကို ဧကများစွာ စိုက်ပျိုးထားလျက်ရှိကြောင်းနှင့် သဘာဝဘေးအန္တရာယ်နှင့် သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ်ကျရောက်မှုနည်းပါးစေရန်၊ အထွက်နှုန်းများများရရှိရန်နှင့် အမြတ်ငွေများများရရှိရန်နှင့် မိုးကျပျက်စီးမှုနည်းပါးစေရန်အတွက် တောင်သူများ အမြန်ရိတ်သိမ်းခူးဆွတ်နေကြောင်း သိရသည်။

မိုင်းယုမြို့၌ ယခင်နှစ် ၂၀၂၂ခုနှစ် နောက်ဆုံး ဆောင်းရာသီစိုက်ပျိုးခဲ့သည့် ပြောင်းတစ်ကီလိုလျှင် ငွေကျပ် ၇၃၀ ပေါက်ဈေးအမြင့်ဆုံးအထိရရှိကာ ကီလို ၅၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀ အထိရရှိပြီး တရုတ်ယွမ်ဈေး အတက်အကျပေါ်မူတည်၍ ပြောင်းဈေးအပြောင်းအလဲရှိကြောင်း တောင်သူတစ်ဦးက ပြောသည်။

ကိုကိုနိုင်

# ပဲခူးတိုင်းဒေသကြီးအတွင်း မိုးရာသီမကုန်မီ ရိုဘက်စတာ ကော်ဖီ ၂၃၇ ဧကနှင့် ကိုကိုးသီးနှံ ဧက ၇၀၀ စတင် စိုက်ပျိုးမည်

**ပဲခူး ဩဂုတ် ၃**

**ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အယ်နီညိုရာသီဥတုဖြစ်သဖြင့် လာမည့် နွေစပါး စိုက်ရာသီအတွက် ယခုအချိန်ကတည်းက စိုက်ပျိုးရေကို စနစ်တကျသုံးစွဲရန်နှင့် ချောင်းပိတ်/မြောင်းပိတ်လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ဒေသခံတောင်သူများကို ခေါင်နှံဖြင့် မျိုးစပါးပြန်လည်အသုံးပြုနိုင်ရေး အသိပညာပေးရန်နှင့် တစ်နှစ် သုံးသီးစိုက် မြေနေရာများတွင် စိုက်ချိန်မှန်၊ စိုက်ပျိုးသီးနှံ မှန်ကန်စေရေး သက်ဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှု အဖွဲ့များက ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ပြီး သဲဆန်ကုန်းကြောမြေနှင့် ရေကြီးရေနက်ကွင်းများတွင် တစ်နှစ် နှစ်သီး သီးထပ်တိုးချဲ့စိုက်ပျိုးရန် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရိုဘက်စတာကော်ဖီနှင့် ကိုကိုးသီးနှံ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် လိုအပ်သည့် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး အထူးအလေးထား ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မွေးမြူရေး ကဏ္ဍနှင့်ပတ်သက်၍ ဥစားသုံးမှု ဖူလုံပိုလျှံမှုရှိစေရေး ဥစားကြက်နှင့် ဥစားဘဲ တိုးချဲ့မွေးမြူရန်လိုအပ်ပြီး စီးပွားဖြစ် ဆိတ်မွေးမြူရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိသားစု ဝင်ငွေတိုးတက်ရန်အတွက် အိမ်တွင်းမှု MSMEs လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသက်မွေးပညာသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးရာသီမကုန်မီ အမည်သစ်သီးနှံဖြစ်သော ရိုဘက်စတာ ကော်ဖီ ၂၃၇ ဧကနှင့် ကိုကိုးသီးနှံ ဧက ၇၀၀ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းအတွက် သွင်းအားစုများအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုပစ္စည်းဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၄၃) ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုကော်မတီ ဥက္ကဋ္ဌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ မျိုးစေ့ မြေဩဇာနှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မျိုးစေ့အသင်းတို့မှ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် တစ်နှစ်လျှင် မြေပဲ ဧက သုံးသန်း၊ နှမ်း ဧက ၃ ဒသမ ၇ သန်း၊ နေကြာ တစ်သန်းခန့်ရှိပြီး ပြည်တွင်းဆီ စားသုံးမှုဖူလုံစေရန် တစ်ဧက၏ ဆီထုတ်လုပ်မှု အမြင့်ဆုံးရနိုင်သည့် နေကြာသီးနှံကို ၁ ဒသမ ၅ သန်း စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။

အခြေအနေပေးသည့် ဒေသများတွင် နေကြာသီးနှံကို စိုက်ပျိုးရာသီအလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကာ နေကြာသီးနှံ ဧက လေးသန်းအထိစိုက်ပျိုးထုတ်လုပ်မှု မြင့်တင် ဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ နေကြာ စိုက်ပျိုးသူ တောင်သူများမျိုးစေ့နှင့် သွင်းအားစုများ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နွေစပါးနှင့် ပဲတီစိမ်း သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် သွင်းအားစုများ အသုံးပြုနိုင်ရန် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးသကဲ့သို့ နေကြာ၊ မြေပဲနှင့် နှမ်း တိုးချဲ့စိုက်ပျိုးခြင်းအတွက် အလားအလာကောင်းသည့် ဒေသအလိုက် ဇရိယာများ ရွေးချယ်သတ်မှတ်ပြီး သွင်းအားစုများ အသုံးပြုနိုင်ရေး ကူညီထောက်ပံ့ပေးနိုင်ရန် သက်ဆိုင်ရာ အစုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများပြောင်းလဲ အသုံးပြုနိုင်ရေး၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းကာ သီးထပ်စွမ်းအား တိုးတက်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ မျိုးစပါးများ ထောက်ပံ့

**တနင်္သာရီ ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများရှိ မိုးစပါးစံပြစိုက်ခင်းဧက ၃၀၀ အတွက် တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ရုံးခန်း၌ပြုလုပ်သည်။

ရှေးဦးစွာ ဒု-လက်ထောက်ဦးစီးမှူး ဦးသန်းမျိုးက စံပြကျေးရွာများရှိ မိုးစပါး စံပြစိုက်ခင်းများအတွက် ရှင်းသုခမျိုးစပါးများ တစ်ဧကလျှင် တစ်တင်းနှုန်းစီ အခမဲ့ထောက်ပံ့ပေးရခြင်း ရည်ရွယ်ချက်နှင့် အသုံးပြုနည်းစနစ်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံးတောင်သူ ၉၀ အား ရှင်းသုခမျိုးစပါး တစ်ဧကလျှင် တစ်တင်းနှုန်း ထောက်ပံ့ပေးအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၃** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၆ ဒသမ ၄၂ လက်မ၊ မိုးကောင်းမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၃၀ လက်မ၊ ဘိုကလေးမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျိုက်လတ်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ၄၀ လက်မနှင့် မုဒုံမြို့တွင် ၃ ဒသမ ၂၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အသိပေးထုတ်ပြန်ချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ၂၀၁၁ ခုနှစ် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ {ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃/၂၀၁၁) } ပုဒ်မ (၁၃) ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မှတ်ပုံတင်၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ အစုစပ်ကုမ္ပဏီများ၊ INGO များနှင့် NGO များအား သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ် မေလအထိ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၁၈၀) ဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုရှိ မြို့နယ် (၂၆၇)၊ ရပ်ကွက်(၂၃၀၈) နှင့် ကျေးရွာ(၂၇၇၇၃)တို့တွင် အသင်းဝင်ဦးရေ (၄ ဒသမ ၄၉၆) သန်းကျော် အား အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများ ဆောင်ရွက် ပေးလျက်ရှိပါသည်။

၃။ အမေရိကန်ပြည်ထောင်စု Delaware ပြည်နယ်အခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Pact Global Microfinance Fund (PGMF) သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် ၂၀၁၂ ခုနှစ်၌ INGO အဖြစ်မှတ်ပုံတင်၍ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားခဲ့ပြီး ကြီးကြပ်မှုကော်မတီက ၂၂-၆-၂၀၁၂ ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ် (၀၀၂၂/၂၀၁၂) ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၄။ INGO နှင့် NGO အဖြစ်မှတ်ပုံတင်၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူထားသည့် အဖွဲ့အစည်းများသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄) နှင့် (၂၀၂၂) ပါ ပြဋ္ဌာန်းချက်များအရ အကျိုးအမြတ် ရယူဆောင်ရွက်သည့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိသောကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ၂၀၁၈ ခုနှစ်မှ စတင်၍ INGO ၊ NGO အဖွဲ့အစည်းများအား ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

၅။ PGMF အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအနေဖြင့် INGO မှ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေး လုပ်ငန်းစဉ်များအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ရပ်သိမ်း၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၁၁-၇-၂၀၂၃ ရက်နေ့တွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အကြောင်းကြားစာ ပေးပို့တင်ပြခဲ့ပါသည်။

၆။ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် PGMF အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆောင်ရွက်ရန် တင်ပြမှုအပေါ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ယခုအခါ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုချက်ရရှိထားသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (၁၇၉) ဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ကြည်ညိုဖွယ် မြင်ကွင်း

နေပြည်တော် ဩဂုတ် ၃

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဂန္ဓကုဋိတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ တံတား၊ ဥယျာဉ်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သသာနဒ္ဓ ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီများကို ရဟန်း၊ ရှင်လူအများပြည်သူများအနေဖြင့် ကြည်ညိုကုသိုလ်ယူ ပူဇော်နိုင်ရေးအတွက် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ညပိုင်း ကြည်ညိုဖွယ်ရာ မြင်ကွင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ ဖော်ပြလိုက်ရပါသည်။









# မန္တလေးမြို့ မဟာမုနိဘုရားကြီး ပိဋကတ်တိုက်တော်အား မူလပုံစံအဆင့်မြှင့်တင်ပြုပြင်ပြီးစီး

မန္တလေး ဩဂုတ် ၃

**မန္တလေးမြို့ မဟာမုနိဘုရားကြီး ပိဋကတ်တိုက်တော်ကြီးအား မူလပုံစံအဆင့်မြှင့်တင်ပြုပြင်ခြင်းပြီးစီး၍ ပြခန်းအတွင်း ပြသပစ္စည်းများ ခင်းကျင်းထားရှိမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂ ရက်တွင် လိုက်လံကြည့်ရှုသည်။** (ယာပုံ)



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပိဋကတ်တိုက်တော်အား တင်ဒါအောင်ကုမ္ပဏီက မူလပုံစံမပျက် အကြီးစားပြင်ဆင်မှု ပြုလုပ်ပြီးစီး၍ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများအတွက် ရေရှည်ခံအောင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ကျွန်းခုံပေါ်ရှိ ပြသပစ္စည်း ရှေးဟောင်းပေ၊ ပုရပိုက်များအား မှန်အုပ်ဆောင်းအတွင်း လေအဝင်အထွက်ရရှိစေရန် စီမံထားရှိမှု၊ ကျန်ရှိ ပေစာ၊ ပုရပိုက်စာနှင့် ကမ္မဝါတို့ကို ပြခန်းရှိဗီရိုများ၌ စနစ်တကျထိန်းသိမ်းကာ ပြသထားရှိမှု၊ ပြသပစ္စည်းများ၏ရှင်းလင်းချက်စာသားများကို မြန်မာ-အင်္ဂလိပ်(၂)ဘာသာဖြင့် ဖတ်ရှုနိုင်သည့်အပြင် QR စနစ်များဖြင့် လေ့လာဖတ်ရှုနိုင်ရန်နှင့် E-Library အခန်းအတွင်း၌ အကြောင်းအရာ အပြည့်အစုံကို လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါပြခန်း၌ ပေစာထုပ်စုစုပေါင်း ၂၁၂၇ ထုပ်၊ ကမ္မဝါထုပ် စုစုပေါင်း ၂၂ ထုပ်နှင့် ပုရပိုက် စုစုပေါင်း ၇၁ ထုပ်တို့ကို စနစ်တကျထိန်းသိမ်းကာ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုသွားမည်



**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်း ပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာ အခမ်းအနားများကို ဩဂုတ် ၁ ရက် ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များ၊ သုခမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သာသနဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါသည်။ ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့်မဏ္ဍပ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

---

** ကျော့ဖုံးမှ*

အမှားအယွင်းမရှိ ဆက်လက်ဦးဆောင်ဆဲဖြစ်ပြီး ယခုပွဲတွင်လည်း ရောဝတီအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ ရောဝတီအသင်းသည် ဒုတိယအကျော့တွင် ရလဒ်ကောင်းနေသော်လည်း ရှမ်းယူနိုက်တက်ကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပွဲအစ ၁ မိနစ်တွင် မြတ်ကောင်းခန့်၏ သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်အသားပေးကစားခဲ့သလို ရောဝတီခံစစ်မှာလည်း လိုအပ်ချက်များ ရှိခဲ့သဖြင့် ပထမပိုင်းမှာပင် ငါးဂိုးအထိ ခွင့်ပြုခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၂၃ မိနစ်တွင် မြတ်ကောင်းခန့်၊ ၃၂၊ ၃၄ မိနစ်တွင် မတ်ခ်ဆာကီ၊ ၄၃ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကိုထိန်းကစားခဲ့ပြီး ရောဝတီအသင်းအတွက် နှစ်သိမ့်ချေပဂိုး တစ်ဂိုးကို မိနစ် ၈၀ တွင် ရာဇာအောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ရရှိသည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၄၁ မှတ်၊ ရောဝတီအသင်းက ၁၅ ပွဲကစား ၁၅ မှတ်ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်နှင့် ဒဂုံစတားအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်ဂိုးသမား ဇင်ညီညီအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၂ မှတ်၊ ဒဂုံစတားအသင်းက ၁၅ ပွဲကစား ၁၈ မှတ်ရရှိထားသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

---

*❑ ကျော့ဖုံးမှ*

မော်ရိုကိုနှင့် ကိုလံဘီယာအသင်းတို့ ပွဲစဉ်တွင် မော်ရိုကိုအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ မော်ရိုကိုအသင်းသည် ကိုလံဘီယာအသင်းနှင့် ရမှတ် ခြောက်မှတ်တူ ဂိုးကွာခြားချက်ကြောင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ မော်ရိုကို အသင်းသည် လာမည့် ၁၆ သင်းအဆင့် ပွဲစဉ်တွင် နာမည်ကြီး ပြင်သစ်အသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး ကိုလံဘီယာအသင်းက ဂျမေကာအသင်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

**အောင်ဇော်**

---

# ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေး ပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**



ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရန် တပ်မတော် (ရေ)မှ စစ်ရေယာဉ်(မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀၀၊ ရေစုပ်စက် ၂၀၀၊ မီးစက် ၃၉၉ လုံး၊ မိုးကာတဲ ၂၀၀၊ ခေါက်ဆွဲခြောက် ၃၉၇၉ ဖာ၊ ရေဆူပိုးသတ်ဆေးပြားပုံး ၅၀၀၊ ကလိုရင်းဒိုင်အောက်ဆိုဒ် ၁၉၉၉ ဘူး၊ ခရီးဆောင်ဆိုလာ မီးအိမ် ၁၂၅ ဖာ၊ ခြင်ထောင် ဖာ ၄၀၀၊ စောင် ဖာ ၂၅၀၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးပစ္စည်းမျိုးစုံနှင့် အာဟာရမှုန့်များ ၁၆၁၆ ဖာ၊ ကျန်းမာရေးအသိပညာပေး စာအုပ် ၁၈ ဖာ၊ ပီနံ နှစ်အိတ် စုစုပေါင်း ကုန်တန်ချိန် ၄၅၃ ဒသမ ၂ တန်ခန့်အား ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းတံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# သုံးခွမြို့နယ်ရှိ ထုံးကြီးကျေးရွာအုပ်စု၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ထုံးကြီးကျေးရွာအုပ်စု၌ ဩဂုတ် ၂ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၅ လုံး အမိုးလန်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် သန်လျင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်၍ ပြိုကျပျက်စီးမှုများအား ကူညီရှင်းလင်းပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမုဒ္ဒဂီရိမြို့၊ မိုခါမုန်တိုင်းနှင့် ပြိုင်တူတွန်းလှျင် ရွှေ့နိုင်ပါသည် ( ၁ )

ဝထကလသ (နတလ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

### အစွန်းရောက်ရာသီဥတု

ကမ္ဘာကြီးအနှံ့တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ပြင်းထန်သော မုန်တိုင်းကြီးများ နှစ်စဉ်နှစ်တိုင်း ဖြစ်ပေါ်လျက်ရှိပေသည်။

ကမ္ဘာ့ရာသီဥတု စနစ်ကြီးတစ်ခုလုံး ပြောင်းလဲနေခြင်းဖြစ်ပါသည်။ အချို့နေရာများတွင် မိုးရွာသည့်နေ့ရက်များ ပိုမိုတိုးလာ၏။ အချို့နေရာများတွင်မူ မိုးခေါင်သည့်ကာလ ပိုမိုရှည်လျားလာ၏။ အပူလှိုင်း (El Nino) တွေ ဖြစ်ပေါ်လာသည်။ အအေးလှိုင်း (La Nina) တွေ ဖြစ်ပေါ်လာသည်။ အပူလှိုင်းနှင့် အအေးလှိုင်းတို့ကား အလွန် အန္တရာယ်ရှိသော သဘာဝဖြစ်စဉ်များပင် ဖြစ်ပါသည်။ ထိုဖြစ်စဉ်နှစ်ခုလုံးက ကမ္ဘာ့ပတ်ဝန်းကျင်ကို ဆိုးကျိုးများစွာ သက်ရောက်စေခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် ဆိုင်ကလုန်းမုန်တိုင်း တစ်နှစ်လျှင် ပျမ်းမျှ ၁၀ ကြိမ် ဖြစ်ပေါ်တတ်သည့်အနက် ၆ ဒသမ ၈ ရာခိုင်နှုန်းသည်သာ မြန်မာနိုင်ငံသို့ ဝင်ရောက်တတ်ပါသည်။ သို့သော် ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်သည့် အကြိမ်အရေအတွက် တိုးလာနေကြောင်း မှတ်တမ်းများအရ တွေ့ရပါသည်။ အားကောင်းသော မုန်တိုင်းများသည် သုံးနှစ်လျှင် တစ်ကြိမ်ခန့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လေ့ရှိသည်။

ထိုဖြစ်စဉ်များကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၊ မုန်တိုင်းဒီရေ ဝင်ရောက်မှုနှင့် လေပြင်းတိုက်ခတ်မိုးကြီးမှုတို့ကို တိုး၍ခံစားရလေသည်။

### သမုဒ္ဒဂီရိမြို့

စာရေးသူသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တိုင်အောင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးစသည့် ရှေးရခိုင်မင်းဆက်တို့၏ဒေသ စစ်တွေမြို့တွင် ဆယ်စုနှစ်တစ်စုနီးပါးခန့် တာဝန်ထမ်းဆောင်ခဲ့ရသည်။

**ကစ္ဆပနဒီ** ခေါ် ကုလားတန်မြစ်သည် ရခိုင်တို့၏ ပင်မသွေးကြောလည်းဖြစ်၊ ရခိုင်ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးစည်ပင်ဖြတ်သန်းရာ အရပ်ဌာနလည်းဖြစ်၏။ ထိုကုလားတန်မြစ်၏ မြစ်ဝပိုင်း မြစ်ရေစီးရာ လက်ယာဘက်ကမ်းတွင် စစ်တွေမြို့တည်ရှိသည်။ ပင်လယ်သမုဒ္ဒရာအနီး၌ မြို့တည်ခဲ့၍ ရှေးဟောင်းစာပေများတွင် **သမုဒ္ဒဂီရိမြို့** (စစ်တွေ) ဟုလည်း တွေ့ရသည်။ စစ်တွေမြို့ တည်ရှိရာကျွန်းတွင် တောင်ဟူ၍မရှိ။ တောဟူ၍မရှိ။ ရခိုင်ပြည်နယ်တွင် တော၊ တောင် မရှိသည့်မြို့ဟူ၍ စစ်တွေတစ်ခုတည်းသာ ရှိပါသည်။

❖ ကစ္ဆပနဒီခေါ် ကုလားတန်မြစ်သည် ရခိုင်တို့၏ ပင်မသွေးကြောလည်းဖြစ်၊ ရခိုင်ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးစည်ပင်ဖြတ်သန်းရာ အရပ်ဌာနလည်းဖြစ်၏။ ထိုကုလားတန်မြစ်၏ မြစ်ဝပိုင်း မြစ်ရေစီးရာ လက်ယာဘက်ကမ်းတွင် စစ်တွေမြို့တည်ရှိသည်။ ပင်လယ်သမုဒ္ဒရာအနီး၌ မြို့တည်ခဲ့၍ ရှေးဟောင်းစာပေများတွင် သမုဒ္ဒဂီရိမြို့ (စစ်တွေ)ဟုလည်း တွေ့ရသည်။ စစ်တွေမြို့တည်ရှိရာ ကျွန်းတွင် တောင်ဟူ၍မရှိ။ တောဟူ၍မရှိ။ ရခိုင်ပြည်နယ်တွင် တော၊ တောင် မရှိသည့်မြို့ဟူ၍ စစ်တွေတစ်ခုတည်းသာရှိ

စစ်တွေကျွန်းသည် အရှေ့ဘက်တွင် ကုလားတန်မြစ်ဝ၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် မယူမြစ်ဝ၊ မြောက်ဘက်တွင် မြစ်ဝနှစ်ခုကို ဆက်သွယ်ပေးသော ချောင်းများ ရှိကြသည်။ ရေပတ်လည်ဝိုင်းနေသည့် ကျွန်း၏ အကျယ်အဝန်းမှာ ၈၉ ဒသမ ၄၂ စတုရန်းမိုင်ခန့် ရှိသည်။ ကျွန်း၏အကျယ်ဆုံးနေရာတွင် ၁၄ မိုင်၊ အကျဉ်းဆုံးနေရာတွင် နှစ်မိုင်မျှရှိသည်။ စတုရန်းမကျတကျပုံဖြစ်ပြီး အနောက်မြောက်မှ အရှေ့တောင်သို့ သွယ်တန်းနေသည်။ ပင်လယ်ကမ်းခြေအရှည်မှာ ၁၂ မိုင်မျှရှိလေသည်။

### မုန်တိုင်းမြင်ကွင်း

စစ်တွေတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က စာရေးသူနေထိုင်သည့် အဆောက်အအုံနှင့် ပင်လယ်ကမ်းခြေမှာ သုံးမိုင်ခန့်သာဝေးသည်။ ထို့ကြောင့် ပင်လယ်လှိုင်းသံ တဝုန်းဝုန်းသည် ညစဉ်အိပ်ရာဝင်ဂီတသံစဉ်များဖြစ်ခဲ့၏။ ထို့ပြင် နှစ်စဉ်ကြုံနေကျ မုန်တိုင်းကြီးငယ်တို့နှင့်လည်း မိတ်ဆွေဖြစ်ခဲ့ပြန်၏။

မုန်တိုင်းအများစုမှာ မိုးဦးနှင့် မိုးနှောင်းကာလများတွင်သာ ဖြစ်ပေါ်တတ်ပြီး တစ်ခါတစ်ရံတွင်သာ မိုးလယ်ကာလများတွင် တိုက်ခတ်လေ့ရှိပါသည်။ မုန်တိုင်းကာလများကို တုန်လှုပ်စွာ၊ ကြံ့ခိုင်စွာ ကိုယ်တိုင်ကြုံတွေ့ ဖြတ်သန်းခဲ့ရဖူးပါသည်။ မိုင် ၂၀၊ ၃၀ လေတိုက်နှုန်းများသည် စစ်တွေ၏ လေပြည်လေညင်းဖြစ်သည်။ မိုင် ၅၀၊ ၆၀ လေတိုက်နှုန်းများက စစ်တွေဒေသသားတို့အတွက် စာမဖွဲ့လောက်ခဲ့။ သို့သော် အင်အားပြင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၊ မာလာ၊ ဂီရိကဲ့သို့ မုန်တိုင်းများ၊ လေဆင်နှာမောင်းများ၏ လက်ခမောင်းခတ် စိန်ခေါ်ခြင်းကိုတော့ ကြံ့ကြံ့ခံခဲ့ရပေသည်။

လေပြင်းမုန်တိုင်းဝင်ရောက်ချိန်တိုင်း တောနှင့်တောင်မရှိဘဲ ပင်လယ်ပြင်များ၊ လယ်ကွင်းများ ကွင်းလဟာပြင်များသာ ဝန်းရံတည်ရှိနေသော စစ်တွေမြို့ကြီးသည် မုန်တိုင်းဒဏ်ကို လည်စင်းခံရတော့သည်။

မိုးသက်မုန်တိုင်းတို့သည် တဟဲဟဲကြုံးဝါးအော်မြည်သံနှင့်အတူ အရပ်ရှစ်မျက်နှာတို့မှ တရစပ်တိုက်ခတ်ကုန်၏။ လေပြင်းတို့က ရွှီခနဲ ရွှီခနဲ၊ ဝေါခနဲ ဝေါခနဲ အသံပြု၏။ လျှပ်ပန်းတဝင်းဝင်းနှင့် ကြက်သီးမွေးညင်းထဖွယ် လျှပ်စီးလက်၏။ မိုးခြိမ်းသံတွေ တချွင်ချွင်မြည်ဟိန်း တခြိမ်းခြိမ်း တချုန်းချုန်းနှင့် ကြောက်မက်ဖွယ် ခြိမ်းခြောက်၏။ ပင်လယ်လှိုင်းတွေ မြင့်တက်ကာ တဝုန်းဝုန်းနှင့် ကမ်းခြေကိုအရှိန်နှင့် ဆင့်ကဲဆင့်ကဲ တစ်ဟုန်ထိုးပြေးဝင်ရိုက်ခတ်ကြ၏။ မိုးသည်းထန်စွာ သဲကြီးမဲကြီးရွာ၏။ ကောင်းကင်ပြင်ကြီးတစ်ခုလုံး မည်းမည်းမှောင်နေ၏။ တစ်ခါတစ်ရံ နီနီရဲသော အဆင်းရှိ၏။

လေကား တောင်ကတိုက်၏။ မြောက်ဘက်က ဝေ့ဝေ့ဝိုက်ဝိုက်တိုက်ပြန်၏။ ပြီးတော့ အရှေ့၊ အနောက်ကလည်း လေအရှိန် ပြင်းပြင်းနှင့် ဝင်ဆောင့်ကြ၏။ သစ်ပင်ကြီးများ လိမ်ကောက်ကုန်ကြ၏။ သစ်ပင်တို့အမြစ်မှ တဖွားဖွား ကျွတ်ထွက်ကုန်ကြ၏။ သစ်ကိုင်းတို့ကငုံးတိ အရွက်မရှိတော့။ အရိုးပြိုင်းပြိုင်းသစ်ကိုင်းတို့ မြေပြင်မှာ ကျိုးပြတ်လွင့်စဉ်ကြရ၏။ နှစ်ချို့သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များ မြေပြင်၌ ပြားပြားဝပ်ကုန်ကြ၏။ အိမ်ပေါ်သို့၊ လမ်းပေါ်သို့ တဖြောင်းဖြောင်း ကျိုးကျကုန်၏။

သစ်ပင်၊ သစ်ကိုင်း၊ သစ်ရွက်၊ အုန်းပင်၊ အုန်းရွက်၊ အုန်းလက်၊ ထရံ၊ သွပ်မိုး၊ ဓနိသက်ငယ်တို့ အမှိုက်သရိုက်များနှင့်အတူ လေထဲမှာ စက္ကူချပ်သဖွယ် လွင့်စဉ်ဝဲပျံနေကြ၏။ အိမ်ခေါင်အစုံလိုက်၊ အတွဲလိုက် ကျွတ်ထွက်ကုန်၏။ အဆောက်အအုံနံရံများ ပရမ်းပတာ ကျွမ်းထိုးမှောက်ခုံ ပြိုကျပျက်စီး၏။ မှန်တံခါးတွေ ခွမ်းခနဲ ခွမ်းခနဲ ပွင့်ထွက်ကုန်၏။ အမိုးသာမက ဒိုင်း/မြားတို့သည်ပင်လျှင် လွင့်ဝဲပြီး မြေပြင်၌ ဓား/လှံသဖွယ် အရှိန်ဖြင့် ဒုတ်ဒုတ်ထိ စိုက်ဝင်ကြကုန်၏။ ခြံစည်းရိုးများ ဖရိုဖရဲ တဝုန်းဝုန်းနှင့် ပြိုလဲကုန်၏။ ဓာတ်တိုင်၊ ဓာတ်ကြိုးများကား သစ်ပင်သစ်ကိုင်းများပိပြီး အရုပ်ကြိုးပြတ် ဖြစ်ကုန်၏။ ငှက်များ၊ တိရစ္ဆာန်များ တုံးလုံးပက်လက်သေကြ၏။ မုန်တိုင်းအလွန် နောက်ဆက်တွဲ လေပြင်းများကိုလည်း တစ်ဖန်ကြောက်ကြရပြန်၏။

မုန်တိုင်းတို့သည် အချိန်ပိုင်းအတွင်း နာရီပိုင်းအတွင်းသာ တိုက်ခတ်သွားခဲ့သော်လည်း မုန်တိုင်းစဲငြိမ်သက်ပြီးနောက် တွေ့မြင်ရသည့် မြင်ကွင်းများကား မယုံနိုင်စရာကောင်းလောက်အောင် အလွန်ဆိုးရွား အကျည်းတန်လွန်းလှပေစွ။

### မိုခါမုန်တိုင်း

ယခုတစ်ကြိမ်တွင်လည်း သမုဒ္ဒဂီရိသည် ဆိုင်ကလုန်းမုန်တိုင်းကြီးမိုခါ (MOCHA) နှင့် ထပ်မံကြုံတွေ့ရင်ဆိုင်ရပြန်လေပြီ။

သဘာဝဘေးဒဏ်သည်ကား မည်သည့်အချိန်ဖြစ်ပေါ်လာမည်ကို ကြိုတင်သိရှိရန်ခက်ခဲပြီး မဖြစ်ပွားမီ ရက်အနည်းငယ်အလိုမှပင် မည်ကဲ့သို့ ဖြစ်ပေါ်လာနိုင်သည်ကို ခန့်မှန်းသိရှိနိုင်ပေသည်။

ယခင်ဖြစ်ပေါ်ခဲ့ ကြုံဖူးခဲ့သော မုန်တိုင်းအတွေ့အကြုံများကြောင့် နိုင်ငံတော်သည် ယခုတစ်ကြိမ်တွင် ကြိုတင်ပြင်ဆင်မှုများ အားကောင်းခဲ့ပါသည်။ မုန်တိုင်းဝင်ရောက်နိုင်သည့် နေ့ရက်၊ အချိန်တို့ကို ကြိုတင်ခန့်မှန်းကြသည်။ သဘာဝဘေးအန္တရာယ်ကို အန်တုမည့်ပရောဂျက် (Projects) များ ရေးဆွဲနိုင်ခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အချိန်မီကျင်းပခဲ့သည်။ အစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် အပါအဝင် တိုင်းဒေသကြီး ဝန်ကြီးချုပ်များကလည်း Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

**“ကာကွယ်တားဆီးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းတို့သည် အရေးကြီးသဖြင့် ဒေသခံများအနေနှင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်မျှော်တွေးပြင်ဆင်ကြရန်၊ ကာကွယ်မှုနဲ့ အနိုင်ယူသွားကြရန် လိုအပ်ကြောင်း”** နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပါသည်။

ထိုအစည်းအဝေး လမ်းညွှန်ချက်များနှင့်အညီ “မုန်တိုင်းနှင့်ပတ်သက်၍ အပိုင်း ၃ ပိုင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ပထမပိုင်းမှာ (Preparation) ကြိုတင်ပြင်ဆင်ခြင်း၊ ဒုတိယပိုင်းမှာ (Rescue) ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တတိယပိုင်းမှာ (Rehabili–tations) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

စာရေးသူသည် ရခိုင်ဒေသတွင် အချိန်အတော်ကြာနေထိုင်ခဲ့ဖူးသဖြင့် ဒေသစွဲသံယောဇဉ်များ ရှိပါသည်။ ထို့ကြောင့် စိုးရိမ်စိတ်ဖြင့် စစ်တွေရှိ သူငယ်ချင်း၊ ရောင်းရင်းမိတ်ဆွေများထံ ဖုန်းဆက်အားပေးရင်း ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းမတိုင်မီ ကြိုတင်ပြင်ဆင်မှု အားကောင်းမှုများအကြောင်း ကောင်းစွာသိရှိခဲ့ရပါသည်။

ကြိုတင်ပြင်ဆင်မှုမရှိလျှင် နှစ်ခါရှုံးရသည်ဟု မှတ်သားဖူးပါသည်။

## မုန်တိုင်း၏ထိုးနှက်ဖျက်ဆီးမှု

ဤသို့ဖြင့် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ ၁၃: ၃၀ နာရီအချိန်ခန့်မှစတင်၍ မိုခါမုန်တိုင်းသည် စစ်တွေမြို့ကို ဝင်ရောက်ပြီး ကြမ်းတမ်းစွာထိုးနှက်မွှေနှောက်ဖျက်ဆီးပါတော့သည်။ ထိုအချိန်မှစ၍ မိတ်ဆွေများနှင့်လည်း ဖုန်းအဆက်အသွယ် ပြတ်တောက်သွားတော့သည်။ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီသတင်း၊ ရေဒီယိုသတင်းများကို နားစွင့်ရသည်။ နေ့စဉ်သတင်းစာများကို မျက်ခြည်မပြတ် ဖတ်ရသည်။ မိုခါဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ချိန်တွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ ကျော်အထိ ရှိခဲ့သည်ဟုဆို၏။ အင်အားအလွန် ပြင်းထန်သလို အဖျက်စွမ်းအားလည်း အလွန်ကြီးမားခဲ့၏။ မုန်တိုင်းဗဟိုချက်သည် စစ်တွေအနီးမှ ဖြတ်သန်းခဲ့ခြင်းကြောင့် စစ်တွေဒေသသည် အပျက်အစီးပမာဏ လွန်စွာများပြားခဲ့ရသည်။ အဆောက်အအုံ၊ အိမ်ရာ၊ လမ်းတံတား၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး၊ သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများ၊ သစ်ပင်များ အတော်များများ ပျက်စီးခဲ့ရလေသည်။ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ပျက်စီးမှုတန်ဖိုး ငွေကျပ် ၅၂၂ ဘီလီယံခန့် ရှိခဲ့သည်ဟု သိရပါသည်။

စစ်တွေမြို့ပေါ်ရှိ အဆောက်အအုံခေါင်မိုးများ ၉၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ကြောင်းလည်း သိရသည်။ ဆက်သွယ်ရေးအော်ပရေတာ မိုဘိုင်းစခန်း ၁၂၀၀ ကျော်အနက် ၉၀၀ ကျော် ပျက်စီးသွားခဲ့သဖြင့် အဆက်အသွယ်များ ပြတ်တောက်ခဲ့ရပါသည်။

မုန်တိုင်းကြောင့် ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ငါးခြောက်လုပ်ငန်းများ ပျက်စီးကြရသည်။ သောက်သုံးရေအခက်အခဲ၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများပါ ထိခိုက်ခဲ့ပါသည်။

ထို့အပြင် ပေါက်တော၊ မြေပုံ၊ မြောက်ဦး၊ ရသေ့တောင်၊ မောင်တော စသောမြို့နယ်များအတွင်း ဆည်နှင့် တာတမံများ အချို့ပျက်စီးသွားခဲ့သည်ဟုလည်း သိရပါသည်။

သို့သော် လူထိခိုက်ဆုံးရှုံးမှုမှာ မုန်တိုင်း၏ ပမာဏနှင့် နှိုင်းယှဉ်ပါက အနည်းဆုံးသာဖြစ်ခဲ့သည်။ ဤသည်မှာ မုန်တိုင်းမဝင်မီကာလက နိုင်ငံတော်အဆင့် ဆောင်ရွက်ခဲ့သည့် ကြိုတင်ပြင်ဆင်မှု၊ အချိန်နှင့်တစ်ပြေးညီ သတိပေးမှု၊ အသိပညာပေးမှုများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရရှိလာသည့်ရလဒ်ပင်ဖြစ်ပေသည်။

## မုန်တိုင်းအလွန်

နိုင်ငံတော်ဝန်ကြီးချုပ်သည် မေလ ၁၄ ရက်နေ့ မုန်တိုင်းတိုက်ခတ်သွားပြီးနောက် မေလ ၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ ချက်ချင်းသွားရောက်ခဲ့ပါသည်။ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်ခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့များကို တပ်မတော် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် တဖွဲဖွဲစေလွှတ်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထိခိုက်ပျက်စီးမှုပမာဏ ကြီးမားလွန်းသည့်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ **“လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး မူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီပေးအပ်မည်ဟု ကမ်းလှမ်းလာသဖြင့် လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ဖြင့်လည်း မှာကြားခဲ့ပါသည်။

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအားလုံးကို အနီးကပ်ကြီးကြပ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့အား တာဝန်ပေးခဲ့ပါသည်။ ထို့အပြင် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ပံ့ပိုးဆောင်ရွက်ပေးရန် ဒေသများ ပိုင်းခြားလျက် တပ်မတော်အဆင့်မြင့်အရာရှိကြီးများကို တာဝန်အသီးသီးပေးအပ်ခဲ့သည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နိုင်ငံအနှံ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ၁၉၉၂ – ၁၉၉၃ ဘဏ္ဍာနှစ်မှ စတင်ခဲ့သည်မှာ ယနေ့ကာလအချိန်အထိဆိုလျှင် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ကြီးကြပ်နိုင်ရန် ပြည်နယ်ရုံး တစ်ရုံး၊ ခရိုင်ရုံး သုံးရုံး၊ မြို့နယ်ရုံး ရှစ်ရုံးနှင့် မြို့နယ်ခွဲရုံး သုံးရုံးတို့ကို ဖွင့်လှစ်ထားရှိပါသည်။ ထို့အပြင် လူငယ်သင်တန်းကျောင်း သုံးကျောင်း၊ စက်မှုသင်တန်းကျောင်း နှစ်ကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်း သုံးကျောင်း ဖွင့်လှစ်၍ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှသာ ဒေသဖွံ့ဖြိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ဒေသတစ်ခုချင်းစီ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

မိုခါမုန်တိုင်းမတိုင်မီကပင် ရခိုင်ပြည်နယ်အတွင်း ၂၀၂၂ – ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၇၇၄၈၉ ဒသမ ၈၃၂ သန်းသုံးစွဲလျက် ဒေသတွင်းလူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ လမ်း/တံတားကဏ္ဍတွင် မြေလမ်း ၄၁၁ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၃၉၉ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၃၆ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်လမ်း ၃၈ မိုင် ၃ ဖာလုံနှင့် မြစ်ချောင်းများပေါ်များလှသည့် ရခိုင်ပြည်နယ်အတွင်း တံတားကြီး/ငယ်ပေါင်း အစင်း ၂၀၁၀ တို့ တည်ဆောက်ပြီးစီးခဲ့ပါသည်။

နိုင်ငံတော်အနာဂတ်အတွက် အခြေခံအရေးကြီးလှသည့် ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၁၀၅ ကျောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဌာနပေါင်း ၂၇ ခုတို့အား တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ ရေရရှိရေးကဏ္ဍတွင်လည်း ရေရရှိရေးလုပ်ငန်းပေါင်း ၁၈၂ ခုနှင့် သာသနာရေးလုပ်ငန်းအနေဖြင့် ဘုန်းတော်ကြီးကျောင်းပေါင်း ၇၀ ကိုလည်း ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများ မီးလင်းရေးအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အစုံ ၁၄၂၁၀ အား မြို့နယ်များ၊ ကျေးရွာများ၊ ကျွန်းများ၊ IDP စခန်းများအထိ ပြည်နယ်၏ နေရာအနှံ့နီးပါး ဖြန့်ခွဲတပ်ဆင်ပေးနိုင်ခဲ့ပါသည်။ အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင်လည်း တန်ဖိုးနည်းအိမ်ရာပေါင်း ၈၀၁ လုံး ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။

## ပြိုင်တူတွန်းကြရမည်

သို့သော် ယခုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၏ အင်နှင့်အားနှင့် ဖျက်ဆီးခံရမှုကြောင့် ဆောင်ရွက်ပြီးသည့် အချို့သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရပြီ။ ဝန်ထမ်းအိမ်ရာများ၊ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ ဒေသခံတို့၏ မြို့ပြအဆောက်အအုံများ၊ ကျေးလက်နေအိမ် တော်တော်များများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ ကြေမွပြိုကျပျက်စီးခဲ့ရပြီ။ ဒေသတစ်ခုလုံးလိုလို ပြန်လည်ပြုပြင်ထူထောင်ပေးရန်အတွက် အရေးပေါ်လိုအပ်ခဲ့လေပြီ။ အချိန်အတိုင်းအတာတစ်ခုတော့ ယူရပါလိမ့်မည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေသို့ ရောက်ရှိသည်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေပြင်သို့ ချက်ချင်းကွင်းဆင်းကြသည်။ ဖြန့်ခွဲပြီး အချက်အလက်များ အသေးစိတ်ရယူသည်။ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထူထောင်ရေးလုပ်ငန်းများကို ရှိသမျှအင်အားနှင့် နေ့နေ့ညည အကောင်းဆုံးဖြစ်အောင် စီစဉ်ခဲ့ကြသည်။ အလျင်လိုအပ်သည်မှာ အခြေခံစားကုန်၊ ဆေးဝါးနှင့် တည်ဆောက်ရေးပစ္စည်းများပင်ဖြစ်သည်။

မုန်တိုင်းပြီးနောက် မကြာမီ မုတ်သုံမိုးကလည်း ဆက်ပေသေးသည်။ လောလောဆယ် လူနေအဆောက်အအုံများ၏ အမိုးအကာများ လုံခြုံစေဖို့ အမိုးသွပ်များ၊ မိုးကာစများ လိုအပ်သည်။ သစ်ပင်များလဲကျ ပိတ်ဆို့နေသောလမ်းများကို ဦးစွာရှင်းရသည်။ အပျက်အစီးများကို ဖယ်ရှားရသည်။ သစ်ပင်များ ဖြတ်တောက်ရန် Chainsaw များလည်း လိုအပ်သည်။ စက်/ယန္တရားများ၊ ကားများ လိုအပ်သည်။

ထို့ကြောင့် လိုအပ်သောပစ္စည်းများကို ရရှိနိုင်သည့် ကား၊ သင်္ဘော၊ လေယာဉ်လမ်းကြောင်းများမှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ အမြန်ဆုံးပို့ဆောင်ပေးရန် မှာယူခဲ့ပါသည်။

မူလတန်းအရွယ်က သင်ယူခဲ့ရသော ယခုတိုင် မှတ်မိနေသေးသည့် ဖတ်စာအား သတိရမိပါသည်–

ဇွန်ပန်းရုံအနီး

လှည်းဘီး နွံထဲကျွံနေသည်။

ကူ၍တွန်းပေးကြပါ။

လေးလွန်း၍ မတွန်းနိုင်ဘူးလား။

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။ ။



စစ်တွေမြို့၏ အလှ



မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စစ်တွေမြို့

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သံတွဲမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

## ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဩဂုတ် ၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သံတွဲမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ သံတွဲခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့ သီရိမင်္ဂလာမြို့ဦးကျောင်း၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် သံတွဲမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာဗောဓိစာသင်တိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

### ထောက်ပံ့ပစ္စည်းများ ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့ ဆုတောင်းပြည့်ဘုရားကြီးတိုက်ကျောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒွါရာဝတီတံတားပေါ်မှ သံတွဲချောင်းရေကြီးရေလျှံမှု ဖြစ်ပေါ်နေခြင်းအား သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းနှင့် သံတွဲချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၄)ရပ်ကွက် ရွှေဆံတော်တောင်ခြေဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်တို့တွင် မြေနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ မှာကြားသည်။ သံတွဲမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံတွဲချောင်းရေသည် စိုးရိမ်ရေမှတ်ထက် မြင့်တက်လာခြင်းကြောင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နယ်မြေခံတပ်မတော်သားများနှင့် သက်ဆိုင်ရာဌာနများက လိုအပ်သည့် ကူညီပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိန္တလီမြို့ ရှောက်ကုန်းကျေးရွာ၌ အကျိုးဆောင်တောင်သူများဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆင်းသွယ်လတ်စပါး ၁၅ ဧက မျိုးစေ့ထုတ် စံပြစိုက်ခင်းထွန်ယက်စိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးကြပြီး တောင်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ကောက်စိုက်လုံမေများနှင့် တောင်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖော်ဆောင်ခြင်း မိုးစပါးမျိုးစေ့ထုတ်နှင့် အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြသည်။



### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် မိုးစပါးများပျိုးထောင်ထားရှိမှုနှင့် ဒေသမျိုး အုန်းသီးနှံပျိုးထောင်ထားရှိမှု၊ ဂွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာကမ်းထိန်းနံရံရေတိုက်စား၍ ပြိုကျပျက်စီးနေမှုအား ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသတစ်ခုတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသည့်ကိစ္စများကို မြို့နယ်၏ စီမံကိန်းရေးဆွဲဆောင်ရွက်ရာတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဌာနဆိုင်ရာများအနေဖြင့် ကွင်းဆင်းဆောင်ရွက်ကာ ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးဆောင်ရွက်သည့်အခါ နိုင်ငံတော်အကြီးအကဲက ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလဆိုသည်မှာ မုန်တိုင်းသင့်ဒေသတစ်ခုတည်း မဟုတ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်များကိုလည်း ယခင်ထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဌာန၏ မူလတာဝန်များကို ယခင်ထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားကြမည်ဆိုလျှင် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံ

## ရာကာ ၆၆၆ ချည်မျှင်ရှည်ဝါ စိုက်ခင်း သုံးဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှု

**တောင်တွင်းကြီး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝါးခြမ်းကာကျေးရွာအုပ်စု ကွင်းအမှတ် ၁၉၉၉(က)တွင် စိုက်ပျိုးထားသည့် တောင်သူ ဦးတင်စိုး၏ မိုးစပါး(ဆင်းသုခ) မျိုးသန့်စံပြကွက် တစ်ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ လက်ပံရှည်ကျေးရွာကွင်းအမှတ် ၁၉၉၇ တွင် စိုက်ပျိုး



ထားသည့် တောင်သူ ဦးမြင့်ထွန်း၏ ရာကာ ၆၆၆ ချည်မျှင်ရှည်ဝါ စိုက်ခင်း သုံးဧက အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုပြီး လက်ပံရှည် ဘုန်းတော်ကြီးကျောင်း၌ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

ဝါစိုက် တောင်သူများနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ ဈေးကွက်စီးပွားရေး စနစ်ကို ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သလို ကျေးလက်နေပြည်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် အဓိက လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မျိုးအေးက မြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသခံတောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာအစည်းအဝေးခန်းမ၌ ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံပြီး တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေရရှိရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ကော်မတီဝင်များအနေဖြင့် အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**အောင်ကို(ပြန်/ဆက်)**

## ဖိလစ်ပိုင် ကမ်းလွန်တွင် ကူးတို့လှေတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် လူ ၆၇ ဦးလုံးကို ကယ်တင်နိုင်ခဲ့

**မနီလာ ဩဂုတ် ၃**

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်း၏ တောင်ဘက် ကွီဇွန်ပြည်နယ်၌ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက ခရီးသည်တင် ကူးတို့လှေတစ်စင်း တစ်ဝက်နစ်မြုပ်မှုဖြစ်ပွားသဖြင့် လှေပေါ်ပါ လူ ၆၇ ဦးလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့ (ပီစီဂျီ) က ပြောကြားသည်။


လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်တင်နေစဉ်။

ခရီးသည် ၆၀ နှင့် အမှုထမ်း ခုနစ်ဦး လိုက်ပါလာသည့် ခရီးသည်တင်ကူးတို့လှေသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီဝန်းကျင်က ကွီဇွန်ပြည်နယ် ပိုလီလိုကျွန်းရေပြင်သို့ ဖြတ်သွားစဉ် တစ်ဝက်နစ်မြုပ်သွားကြောင်း၊ ခရီးသည်အားလုံးကို ဘေးကင်းလုံခြုံစွာ ကင်တင်နိုင်ခဲ့ပြီး သေဆုံးမှုနှင့် ပျောက်ဆုံးမှုမရှိကြောင်း၊ ကျန်းမာရေး အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ခရီးသည်တင် ကူးတို့လှေသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီဝန်းကျင်က ကွီဇွန်ပြည်နယ် ပက်နမ်နွန်ဂန်မြို့မှ အဆိုပါ ပြည်နယ်ရှိ ရီးယဲလ်တောင်းသို့ ထွက်ခွာချိန်တွင် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစောပိုင်းက လှေပေါ်တွင် လူ ၇၀ ခန့် လိုက်ပါကြောင်း ဒေသတွင်း မီဒီယာများက ထုတ်ပြန်ထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်ကလည်း အများဆုံး ၄၂ ဦး တင်ဆောင်နိုင်သည့် ခရီးသည်တင်လှေတစ်စင်းမှာ လူပေါင်း ၇၀ နီးပါးသယ်ဆောင်ခြင်းကြောင့် မနီလာမြို့အရှေ့ပိုင်း ရီဇယ်ပြည်နယ် လာဂူနာဒီ ပင်လယ်အော်အတွင်း တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းများ ဝင်ရောက်လေ့ရှိခြင်း၊ သင်္ဘောများထိန်းသိမ်းရာတွင် အားနည်းမှုနှင့် ဘေးကင်းလုံခြုံရေးစည်းကမ်းများ လိုက်နာမှု အားနည်းခြင်းတို့ကြောင့် ရေယာဉ် မတော်တဆမှုများ မကြာခဏဆိုသလို ဖြစ်ပေါ်လေ့ရှိသည်။

ဆင်ဟွာ

## တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၁ ဒသမ ၂ သန်းကို နေရာရွှေ့ပြောင်းပေးခဲ့ရ

**ရှီကျားကျွမ်း ဩဂုတ် ၃**

တရုတ်နိုင်ငံမြောက်ပိုင်း ဟူပေပြည်နယ်၌ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီအထိ လူပေါင်း ၁ ဒသမ ၂ သန်းကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

နေရာရွှေ့ပြောင်းပေးခဲ့ရသူများထဲမှ လူပေါင်း ၈၅၇၂၀၀ မှာ ရေကြီးမှုဖြစ်ပေါ်နေသည့်နေရာများမှ ဖြစ်သည်။ တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် တရုတ်နိုင်ငံ ဟူပေပြည်နယ် နေရာအစိတ်အပိုင်း အတော်များများတွင် ဇူလိုင် ၂၇ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ပြည်နယ်အတွင်း ပျမ်းမျှမိုးရေချိန် ၁၄၆ မီလီမီတာထက် ကျော်လွန်သည်ဟု သိရသည်။ ယခုအချိန်အထိ လူပေါင်း ၁၀၀၀၀၀ ကျော် ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ပေါင်း ၄၇၀၀ မှာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီလုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ



## နယူးယောက်မြို့၌ ရွှေ့ပြောင်းနေထိုင်သူများအတွက် ခိုလှုံရာနေရာရှာဖွေရန် အခက်အခဲဖြစ်နေ

**နယူးယောက် ဩဂုတ် ၃**

နယူးယောက်မြို့၌ လက်တင်အမေရိကမှ ရွှေ့ပြောင်းနေထိုင်သူများ အဆမတန် ရောက်ရှိလာသည့်အတွက် ၎င်းတို့ကို ထားရှိရန် ခိုလှုံရာနေရာ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ ယင်းအတွက်ကြောင့် ခိုလှုံရာနေရာများ ထောက်ပံ့ပေးရန် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရထံ နယူးယောက်မြို့မှ အရာရှိများက အကူအညီတောင်းခံခဲ့သည်။

တက္ကဆက်နှင့် အရီဇိုးနားကဲ့သို့ အချို့သော ရီပက်ဗလစ်ကန် အမတ်များဦးဆောင်သည့် ပြည်နယ်များတွင် ရွှေ့ပြောင်းနေထိုင်သူများကို ဘတ်စ်ကားများဖြင့်တင်ဆောင်ကာ နယူးယောက်မြို့သို့ ပို့ဆောင်လျက်ရှိသည်။ သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့၏ ရွှေ့ပြောင်းနေထိုင်မှုမူဝါဒကို ဆန့်ကျင်သည့်အနေဖြင့် ယင်းသို့လုပ်ဆောင်ကြခြင်းလည်းဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ ကျော်မှာ နယူးယောက်မြို့ လမ်းဘေး၌ အိပ်စက်နေရသည်။ ၎င်းတို့အတွက် အခန်းအပို မရှိတော့ကြောင်း နယူးယောက်မြို့မှ အရာရှိတစ်ဦးက ပြောသည်။


လမ်းဘေး၌ စောင့်ဆိုင်းနေသည့် ရွှေ့ပြောင်းနေထိုင်သူများကိုတွေ့ရစဉ်။

ပြီးခဲ့သည့်နှစ်နွေဦးရာသီမှစတင်ကာ ခိုလှုံသူ ၉၅၀၀၀ မှာ နယူးယောက်မြို့သို့ ဝင်ရောက်လာခဲ့ကြသည်။ ပြီးခဲ့သည့်လတစ်လအတွင်း၌ပင် ရွှေ့ပြောင်းနေထိုင်သူ ၁၄၀၀၀ နယူးယောက်မြို့သို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ နယူးယောက်မြို့မှာ လိုအပ်သူတိုင်းအတွက် အမိုးအကာ အာမခံချက်ပေးသည့်အတွက် သန့်ရှင်းသောမြို့ဟုလည်း ခေါ်ဝေါ်ကြသည်။

အင်န်အိတ်ချ်ကေ

## ပါကစ္စတန်နိုင်ငံ၌ ပစ်ခတ်မှုဖြစ်ပွားသဖြင့် လေးဦးသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်၌ ဩဂုတ် ၂ ရက်ညပိုင်းက အုပ်စုနှစ်ခုအကြား ပစ်ခတ်မှုဖြစ်ပွားသဖြင့် လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြည်နယ်မြို့တော် ကွီတာတွင် အုပ်စုနှစ်ခု၏ အဖွဲ့ဝင်များကြား ငြင်းခုံစကားများသဖြင့် အချင်းချင်းပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာမှ မီဒီယာသို့ ပြောကြားသည်။ အုပ်စုနှစ်ခုလုံးမှာ မြေယာအငြင်းပွားမှုဖြစ်ပွားသည့် မြို့၏ဩဇာညောင်းသည့် မိသားစုဝင်များဖြစ်ကြကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ အပြန်အလှန် ပစ်ခတ်မှုကြောင့် လူအများအပြားဒဏ်ရာရရှိသဖြင့် အနီးနားရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းသို့ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်၊ နှစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၃**

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်း၌ ဩဂုတ် ၃ ရက်က အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ခါနွန် ဆက်လက်ဝင်ရောက်တိုက်ခတ်ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အိုကီနာဝါစီရင်စုအတွင်း ပြင်းထန်သော မုန်တိုင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့သည်။ ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်သော မုန်တိုင်းကြောင့် အိမ်ထောင်စုပေါင်း ၂၄ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း အရာရှိတစ်ဦးက ပြောခဲ့သည်။

ဂျပန်နိုင်ငံ ရှူမာမြို့၌ အသက် ၈၉ နှစ်အရွယ် အဘွားအိုတစ်ဦး ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားကာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ထို့အတူ အသက် ၉၀ အဘိုးအိုတစ်ဦးသည် ၎င်း၏နေအိမ်၌ ကားဂိုဒေါင်ပြိုကျခဲ့ရာ အပျက်အစီးများအောက်တွင် ပိမိခဲ့ပြီးနောက် ဆေးရုံတင်ခဲ့သော်လည်း ဆေးရုံပေါ်တွင်ပင် သေဆုံးခဲ့သည်။

လေကြောင်းလိုင်း ၃၁၄ ခုနှင့် ခရီးသည် ၄၀၀၀၀ ကျော် မုန်တိုင်းဘေးသင့်ဖွယ်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ခုဖြစ်သော အင်န်အိတ်ချ်ကေတွင် ဖော်ပြထားသည်။ အိုကီနာဝါ ကျွန်းဒေသရှိ ဒေသခံပြည်သူများကို မုန်တိုင်းအန္တရာယ်ကို အဆက်မပြတ်သတိထားရန် အာဏာပိုင်များက နှိုးဆော်ထားသည်။

ထို့အပြင် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ခါနွန်သည် လမ်းကြောင်းပြောင်းသွားကာ အိုကီနာဝါကျွန်းသို့ နောက်တစ်ဖန် ပြန်လည်ဝင်ရောက်နိုင်သောကြောင့် မုန်တိုင်းအန္တရာယ်မပြီးဆုံးသေးကြောင်း အာဏာပိုင်များက ပြည်သူများကို သတိပေးထားသည်။

အင်န်အိတ်ချ်ကေ



# မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ တန့်ယန်းမြို့နှင့် ကျိုက်မရောမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြုကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၅၅ ပါးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ အောင်မင်္ဂလာနမ့်ဆန်ကျောင်းတိုက်နှင့် တန့်ယန်းမြို့ရှိ ဝဋ္ဋုဝန်ပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော်၂၆၇ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅ ပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၈၀ တို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သတ်မှတ်နေရာများ၌ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ် ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ မြဆည်းဆာပရိယတ္တိစာသင်တိုက် ဘိုးဘွားများ ခိုလှုံရာရိပ်သာနှင့် မိဘမဲ့ဂေဟာရှိ ဘိုးဘွား ၃၉ ဦး၊ ကလေးငယ် ၁၉ ဦးနှင့် ကျောင်းသား ကိုးဦးတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချို/ သွေးချိုစစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး သက်ဆိုင်ရာကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းက သတ်မှတ်နေရာများ၌ တွေ့ဆုံရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ(ဝဲပုံ) ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ဖျာပုံ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဖျာပုံခရိုင်တရားသူကြီး ဒေါ်သူဇာအေးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ဖျာပုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ၊ မရှိ၊ အစာအာဟာရ သင့်တင့်မျှတမှု ရှိ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**



## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံတွဲချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံတွဲချောင်းရေသည် သံတွဲမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## သောင်ရင်းမြစ် စိုးရိမ်ရေမှတ် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃**

ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ငါးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသောအီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့်ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၉၄ |
| 95 Ron | ၂၁၂၈ | ၂၂၀၄ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၃၅၆ | ၂၄၃၆ |
| HSD (10 ppm) | ၂၃၅၆ | ၂၄၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Than Aung" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက်နေ သန်းအောင်(ခ) နန်းမဟာအား မွန်းလွဲ ၁ နာရီအချိန်တွင် ရွှေကျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ သံလွင်မြစ်ရေတက်၍ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေဝင်ရောက်မှုဖြစ်ပွား

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ဩဂုတ် ၃ ရက်က စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၇၈၄ စင်တီမီတာသို့ ကျော်လွန်မြင့်တက်လာသည့်အပြင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘားအံမြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၂)ရပ်ကွက်၊ ဆယ်အိမ်စု၊ အမှတ်(၅)ရပ်ကွက် အောင်နန်း(၅)လမ်း၊ အမှတ်(၁)ရပ်ကွက် အုတ်ဖို(၅)လမ်း၊ အမှတ်(၅)ရပ်ကွက် ရဲဘော်ဈေး၊ ရော်ဘာခြံ(၄/၅)လမ်းတို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဝင်ရောက်သည့် နေရာများသို့ ခရိုင်၊ မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ် ကျရောက်ပါက ရေလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် လှည့်လည်ဆော်သြပေးခြင်း၊ နီးစပ်ရာ ဆွေမျိုးများအိမ်သို့ ရွှေ့ပြောင်းပေးခြင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၈ ဒသမ ၆၃၀၄ တန် သစ်မာ ၂ ဒသမ ၁၆၄၈ တန်၊ အခြား ၂၃ ဒသမ ၂၃၂၄ တန် စုစုပေါင်း ၅၄ ဒသမ ၀၂၇၆ တန်၊ ယာဉ်/ ယန္တရား ၁၇ စီး၊ တရားခံ ၁၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## စုကလိမြို့၌ မိုးသည်းထန်၍ ရေကြီးရေလျှံမှုနှင့် တံတားပျက်စီးမှုများဖြစ်ပွား

**စုကလိ ဩဂုတ် ၃**

ကရင်ပြည်နယ် စုကလိမြို့ မဲကုလားအုပ်စု ဆုံဆည်းမြိုင်(အထူးဒေသ)ကျေးရွာ၌ ဩဂုတ် ၂ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ရေကြီးရေလျှံခြင်းနှင့် လမ်းပိုင်းများတွင် တည်ဆောက်ထားသော တံတားများကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆုံဆည်းမြိုင်(အထူးဒေသ) ကျေးရွာရှိ ကမ်းနားလမ်းနှင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် မဲကုလားချောင်းရေ မြင့်တက်မှုကြောင့် နေအိမ်အတွင်းသို့ ရေများဝင်ရောက်လျက်ရှိပြီး အိမ်ထောင်စုအချို့အား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားရကြောင်း သိရ သည်။ ထို့ပြင် မြဝတီ - ဝေါလေ - စုကလိကားလမ်းပေါ်ရှိ တံတားအချို့ ပျက်စီးမှုရှိခဲ့သဖြင့် ဖြတ်သန်းသွားလာမည့် ယာဉ်များအား လမ်းလွှဲမှ မောင်းနှင်စေရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ရေဝင်ရောက်သည့်နေအိမ်များမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့စေခြင်းနှင့် မြဝတီ- ဝေါလေ- စုကလိလမ်းတွင် ယာဉ်များ သွားလာရေးလွယ်ကူစေရန် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် အပိုင်းများတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ကျေးရွာနေပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပိုပိုအောင်(စုကလိ)**

## ဘီးလင်းမြစ်ရေမြင့်တက်လာ၍ ပြည်သူ ၁၀၀၀ ကျော်အား ယာယီကယ်ဆယ်ရေးစခန်းရှစ်ခုသို့ ပြောင်းရွှေ့

**ဘီးလင်း ဩဂုတ် ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းကာ တောင်ကျရေများ စီးဆင်းမှုကြောင့် ဘီးလင်းမြစ်ရေသည် ဩဂုတ် ၂ ရက်က ဘီးလင်းမြစ်၏ စိုးရိမ်ရေအမှတ် ၁၀၂၂ စင်တီမီတာအထက်ကျော်လွန်ကာ ၁၀၅၁ စင်တီမီတာသို့ ရောက်ရှိလာသည့်အတွက် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၂၂၀ မှ အမျိုးသား ၄၈၁ ဦး၊ အမျိုးသမီး ၅၅၅ ဦး၊ စုစုပေါင်း လူဦးရေ ၁၀၃၆ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းတင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ယာယီရေဘေးရှောင်စခန်းရှစ်ခုသို့ ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါ ရေဘေးရှောင်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးပြီး သက်ကြီးဘိုးဘွားများအတွက်လည်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးတစ်ဦးကို လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသောလုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသမီးတစ်ဦးကို လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသော လုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နေ မစိုးစိုး(ခ) မိုးမိုးဦး(ခ) ချစ်ချစ်နှင့် ဇာနည်မောင် တို့က တစ်မြို့တည်းနေ မ ----၊ ၂၄/၂၀၂၂ နှစ်၊ မ ----၊ ၂၄/၂၀၂၂ နှစ်နှင့် မ----၊ ၂၀/၂၀၂၂ နှစ်တို့ကို လာအိုနိုင်ငံရှိ ဂိမ်းဆိုင်တွင် အလုပ်ရမည်၊ တစ်လလျှင် လုပ်ခလစာ ၁၃ သိန်းကျပ်ခန့် ရရှိမည်ဟု ယုံကြည်အောင်ပြောဆိုပြီး လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသောလုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် နတ်မောက်မြို့နယ် စိုင်ကောင်းနယ်မြေရဲစခန်း (ပ)၂၂ /၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် တရားခံ မစိုးစိုး(ခ)မိုးမိုးဦး(ခ)ချစ်ချစ်နှင့် ဇာနည်မောင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြောက်ရပ်ကွက် ဆင်ရှင်ကျောင်းတိုက်ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါအရ ၁၃၇၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ (၂-၈-၂၀၁၃)၊ ဗုဒ္ဓဟူးနေ့၊ ည (၁၀:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

## ဖြူးမြို့နယ်၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ဖြူး ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်လူမှုဖူလုံရေးရုံး၏ အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့် နာရေးစရိတ်ထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၁နာရီက မြို့နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါအကျိုးခံစားခွင့် ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အာမခံအလုပ်သမား ဦးကျော်စံလင်း (ကညွတ်ကွင်းလျှပ်စစ်)၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၉၉၀၀၀၀၀ ကို ကျန်ရစ်သူဇနီးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နေမျိုးလွင် (ပြန်/ဆက်)**

## ကျောက်ဖြူမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေး

**ကျောက်ဖြူ ဩဂုတ် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ၂၀၁၃ ခုနှစ်အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ မွန်းလွဲပိုင်းက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။ (ယာပုံ)

ထိုသို့ထုတ်ချေးရာတွင် ယခင်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ချေးယူထားသည့် ကျေးရွာ/အုပ်စုများအနက်မှ ချေးငွေပြေကျေပြီးဖြစ်သည့် လိပ်ခမော်အုပ်စုရှိ တောင်သူ ၁၄၉ ဦး၏ လယ်ဧက ၃၀၃ ဧကအတွက် လယ်တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့်ချေးငွေကျပ်သိန်း ၄၅၄၅၀၀၀၀ ကို ပြန်လည် ထုတ်ချေးပေးခြင်းဖြစ်သည်။

ကျောက်ဖြူမြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ဩဂုတ် ၂ ရက်မှစတင် ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ၂၇ စုမှ တောင်သူ ၂၄၆၄ ဦး၏ မိုးစပါးစိုက်ဧက ၅၂၄၄ ဧကအတွက် ချေးငွေကျပ်သိန်း ၇၈၆၆၀၀၀၀ အား ထုတ်ချေးပေးထားပြီး ဖြစ်ကာ ကျန်ပြေကျေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲ မန်နေဂျာ ဦးပြုံးနိုင်ထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**



## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့မှ မြဝတီမြို့သို့ မုပ္ပလင်-စွပ္ပနူး-အင်္ဂတိုရှောင်ကွင်းလမ်းအတိုင်း မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းမောင်းနှင်သွားသော မော်တော်ယာဉ်နှစ်စီးအား စိမ်းလဲ့တင်စားသောက်ဆိုင်အနီး၌ တားဆီး၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နှမ်းဖြူအိတ် ၂၀၀၊ မြေပဲအိတ် ၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Van တစ်စီးနှင့် Hyundai Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli အထုတ် ၇၅၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၃၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Xuemei Monosodium Glutamate အိတ် ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁၄ ဒသမ ၄၉၄ တန်နှင့် သစ်မာ ၃ ဒသမ ၁၀၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၈၂၇၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၀၄၈၂၇၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။ **သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ဆင်ရှင်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြောက်ရပ်ကွက် ခမည်းတော် ဦးညွန့် + မယ်တော် ဒေါ်ထွန်းဆိုင်တို့မှ ၁၂၈၇ ခုနှစ် နယုန်တန်ခူးလဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ဆင်ရှင်ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တပညာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၁၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့တွင် ဆင်ရှင်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ဒေါ်လှဖြူ (သား) ဦးအောင်ဒင်+ ဒေါ်ရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဆင်ရှင်ကျောင်းတိုက်ဆရာတော် စစ်ကိုင်းတောင်ရိုး၊ လေးကျွန်းချမ်းသာချောင် ဆရာတော်၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမဆရာတော်၊ ဘုရား ကြီးတိုက်ဆရာတော်၊ အမရပူရဆရာတော်၊ နယားဆရာတော်၊ တာရာမင်းကျောင်းဆရာတော်၊မော်လမြိုင်မြို့၊ ဒေါ်ပုကျောင်းဆရာတော်၊ တောင်သမန်ဆရာတော် ဘဒ္ဒန္တကေသဝ၊ ပခုက္ကူဆရာတော် ဘဒ္ဒန္တသုန္ဒရစသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **"သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ"** ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြောင်မြို့နယ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မြောင်မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဓာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၂ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက် တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါအရ ၁၃၇၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ (၂-၈-၂၀၁၃)၊ ဗုဒ္ဓဟူးနေ့၊ ည (၁၀:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၃ –** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




# နတ်တလင်းမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲပြုလုပ်

နတ်တလင်း ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်က သက်ငယ်ပြင်ကျေးရွာ တောင်သူ ဦးသိန်းဌွေး၏ ကွင်းအမှတ် ၂၆၂၊ လယ်ကေ ၁၅ ကေတွင် ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သူနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ နတ်တလင်းမြို့နယ်အနေဖြင့် မိုးစပါး ၁၁၀၂၆၂ ကေ လျာထားမှုအပေါ် လျာထားကေအားလုံး စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



# ဥတုရာသီ တောကိုမှီ၏

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

(၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် - ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၁,၃၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၇၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၈ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၅၀၀ | ၇၀၁ | ၅၉၄၄၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၂၂၉၈ | ၃၅၇၃၂၀၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၂၉၆ | ၂၁၆၀၈၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၉၇၀ | ၄၆၀၃၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၈၁၀ | ၁၈၆၃၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၅၆၀၀ | ၁၀၆၄၀၀၀၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ကြော်ငြာစာအမှတ် (၁/၂၀၂၃)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ ငွေကိုင် (၄) (လစာနှုန်းကျပ် ၁၈၀၀၀၀ -၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့ ရရှိပြီးသူများကို ဦးစားပေးမည်)

( ဂ ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။

(ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရမည်။

( စ ) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၂၈)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရုံးများ တွင် ရယူနိုင်ပြီး စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မိမိဖြေဆိုလိုသည့်စာစစ်ဌာန (နေပြည်တော် ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံး) များတွင် Sundry Deposit A/C Miscellaneous သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

( ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

( ဂ ) တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း

(ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅) ပုံ

( င ) (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း

( စ ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

၅။ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ အငယ်တန်းစာရေးနှင့် ငွေကိုင် (၄) ရာထူးနေရာများအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် -

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | ခန့်ထားမည့်ဦးရေ<br>အငယ်တန်းစာရေး/ ငွေကိုင် (၄) |
|---|---|---|
| ၁ | နေပြည်တော် | (၃၈) ဦး |
| ၂ | ကချင်ပြည်နယ် | (၁၉) ဦး |
| ၃ | ကယားပြည်နယ် | (၇) ဦး |
| ၄ | ကရင်ပြည်နယ် | (၁၁) ဦး |
| ၅ | ချင်းပြည်နယ် | (၁၈) ဦး |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | (၃၇) ဦး |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | (၁၆) ဦး |
| ၈ | ပဲခူးတိုင်းဒေသကြီး | (၂၅) ဦး |
| ၉ | မကွေးတိုင်းဒေသကြီး | (၂၁) ဦး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | (၃၂) ဦး |
| ၁၁ | မွန်ပြည်နယ် | (၁၀) ဦး |
| ၁၂ | ရခိုင်ပြည်နယ် | (၃) ဦး |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | (၇၀) ဦး |
| ၁၄ | ရှမ်းပြည်နယ် | (၃၉) ဦး |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | (၄) ဦး |
| | **စုစုပေါင်း** | **(၃၅၀) ဦး** |

၆။ လျှောက်ထားသူများသည် လျှောက်လွှာကို မိမိလျှောက်လွှာရယူခဲ့သည့် စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံး) များသို့ (၈-၉-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ (၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့လျှောက်ထားစေရန်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်း ဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဌာနခွဲ/ တိုင်းဒေသကြီး/ပြည်နယ်ရုံး၏ ထောက်ခံချက်ဖြင့် (၈ - ၉ - ၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများကို (၁၆ - ၉ -၂၀၂၃) ရက်နေ့နှင့် (၁၇ - ၉ - ၂၀၂၃) ရက်နေ့များ၌ သက်ဆိုင်ရာစာစစ်ဌာန များတွင် အောက်ပါအတိုင်း အရည်အချင်းစစ်ခြင်း ပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို သက်ဆိုင်ရာ စာစစ်ဌာနတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၁၆ - ၉ - ၂၀၂၃ | နံနက် (၉:၃၀) နာရီ မှ (၁၀:၃၀) နာရီထိ |
| ( ခ ) | ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) | ၁၆ - ၉ - ၂၀၂၃ | မွန်းလွဲ(၁) နာရီ မှ (၂) နာရီထိ |
| ( ဂ ) | အထွေထွေဗဟုသုတ (လူတွေ့) | ၁၇ - ၉ - ၂၀၂၃ | နံနက် (၉) နာရီ |

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၄-၉-၂၀၂၃) ရက်နေ့နှင့် (၁၅ -၉ -၂၀၂၃) ရက်နေ့များတွင် မိမိလျှောက်ထား သည့် စာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက နေပြည်တော်ဘဏ်သို့ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၅၄၄/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ဒေါ်စောမြအေး (၁၂/သဃက(နိုင်)၀၀၄၂၃၅) အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၄၄/က)၊ ခေမာသီလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီး ဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LLM) တရားလွှတ်တော်ရှေ့နေ၊ စဉ် (၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် (၁၂၈၁)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်သည် ဦးရွှေမောင် (CF-၀၇၈၅၇၅) အမည်ပေါက်သော မြေကွက် ဖြစ်ပါသည်။ ၎င်းအမည်ပေါက် ဖခင်နှင့် မိခင်တို့ ကွယ်လွန်သဖြင့် ၎င်းမြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း (၂၀ပေ x ၆၀ပေ)ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၈၁)၊ မာလာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ၎င်းတို့၏ သားသမီးများမှ ရောင်းချခဲ့သောကြောင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ချောရူပါစိမ်း (၁၂/လမန(နိုင်)၁၂၆၅၃၂)မှ မိမိသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဆွေဝင့် (၁၂/ စခန(နိုင်)၀၄၉၃၂၂) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက် မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ၊ စဉ် (၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ် (၆၀၅/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်သည် ဦးစိုးပိုင်(PGN-၀၈၁၉၉၉) (၁၂/သဃက(နိုင်)၁၁၄၁၄၇) အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်မှ ယင်းမြေကွက်အနက် တရားဝင် မခွဲစိပ်ရသေးသည့် ခေါင်းရင်းခြမ်း (၁၀ပေ x ၆၀ပေ)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၀၅/ခ)၊ ငွေသရဖူလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိဆက်စပ် စာချုပ်များဖြင့် ရောင်းချခဲ့သောကြောင့် နောက်ဆုံး လက်ဝယ်ဝယ်ယူပိုင်ဆိုင်သည့် ဦးကျော်စိုး(၈/မဘန(နိုင်)၁၅၇၅၈၈) နှင့် ဒေါ်ဝင်းစုလှိုင် (၁၂/ဒဂတ(နိုင်)၁၀၁၉၅၂) တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ် အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး (၇/ကဝန(ပြု)၀၀၁၄၇၁) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ စဉ် (၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ တိုက်အမှတ် (၆၄)၊ အခန်း (ဒုတိယထပ်) (၃လွှာ) (ခေါင်းရင်းခြမ်း) အကျယ်အဝန်း ၁၂ပေခွဲ x ပေ ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြကေခိုင် ၁၂/အလန(နိုင်)၀၄၀၇၉၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထက် နောင်ဦး ၁၂/ဒဂတ(နိုင်)၀၉၅၀၅၆ က ဝယ်ယူရန်အတွက် စရန်ငွေများပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထော က်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L** | **LL.B, D.B.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)** |

**အမှတ်(၇၂၅)၊ ပြည်သာယာ( ၂ )လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၅၀၄၂၆၅၊ ၀၉-၄၅၀၀၁၇၁၃၆၊ ၀၉-၄၂၈၀၂၀၃၆၉**

---

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၅၃၄၈၁ အမျိုးအမည် Honda Wave 100 Ncx, m/c ယာဉ်လက် ဝယ်ရှိသူ အမည် ဦးမြင့်နိုင် ၆/ကသန(နိုင်) ၀၂၃၆၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထား လာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော် ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

---

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/24433, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်ဇင် ၁၄/ပသန(နိုင်) ၂၉၄၈၅၄မှ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ စ၍ ဖောင်းကြွနံပါတ်ပြားအဟောင်း သည် အလိုအလျောက် ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/24433,Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်ဇင် ၁၄/ပသန(နိုင်) ၂၉၄၈၅၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7994, Toyota Landcruiser, Proda, VZJ , S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဝင်း ၈/မမန(နိုင်)၁၉၃၇ ၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၄၂၄/ခ)၊ ပဒုမ္မာလမ်း၊ ဦးစန်းလွင်(MDY/SW-၀၂၀၆၈၂) အမည်ပေါက် ပါမစ်မူရင်း ဧရိယာအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် ဧရိယာအကျယ်အဝန်း(၁၀ ပေ x ၆၀ပေ) မြေချပါမစ်မူရင်းခြမ်း အိမ်ခြံမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းပပအောင် (၁၂/ဥကမ(နိုင်)၁၇၁၇၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်မောင်(၁၂/ဒဂရ(နိုင်)၀၃၂၅၅၁) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သွယ်သွယ်မောင် ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင်(LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

---

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက် ၊ မြေတိုင်းရပ်ကွက်အမှတ် / အမည် (၁၁/ ပုဗ္ဗသီရိမြောက်ရပ်)၊ ဦးပိုင်/ မြေကွက်အမှတ်(ပ-၂၂၈၄၀)၊ အကျယ် အဝန်း (၈၀' x ၆၀') ပေ၊ ဧရိယာ (၀.၁၁၀) ဧကရှိ နှစ်(၃၀) အငှားဂရန်မြေကွက်နှင့် ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃၀.၅.၂၀၁၂) ရက်နေ့၌ ဦးစိုးလွင်ဦး (ဘ) ဦးတင်ဖေ ၅/ ပလဘ(နိုင်)၀၀၉၃၀၃ထံမှ ကျွန်တော် ဦးအေးသိန်း (ဘ) ဦးချစ်လှိုင် ၇/ပခန(နိုင်) ၁၃၇၄၉၁ ထံသို့ လွှဲအပ်ထားရှိသည့် အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၆၈၃/၂၀၁၂) အား (၃.၈.၂၀၂၃) ရက်နေ့မှစ၍ အပြီးပိုင်ရုပ်သိမ်းပါ ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးအေးသိန်း (၇/ပခန(နိုင်) ၁၃၇၄၉၁)(ဖုန်း-၀၉-၇၉၉၀၈၀၆၈၀)**

---

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက် ၊ မြေတိုင်းရပ်ကွက်အမှတ် / အမည် (၁၁/ ပုဗ္ဗသီရိမြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ်(ပ-၂၂၈၃၈)၊ အကျယ် အဝန်း (၈၀' x ၆၀') ပေ၊ ဧရိယာ (၀.၁၁၀) ဧကရှိ နှစ်(၃၀) အငှားဂရန်မြေကွက်နှင့် ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇.၆.၂၀၁၂) ရက်နေ့၌ ဦးလှသိန်း(ဘ)ဦးမြခင် (၁၂/ဒဂန(နိုင်)၀၁၁၈၈၄ ထံမှ ကျွန်တော် ဦးအေးသိန်း (ဘ) ဦးချစ်လှိုင် ၇/ပခန(နိုင်)၁၃၇၄၉၁ထံသို့ လွှဲအပ်ထားရှိသည့် အထူးကိုယ်စား လှယ်လွှဲစာအမှတ် (၁၇၄၈/၂၀၁၂) အား (၃.၈.၂၀၂၃) ရက်နေ့မှစ၍ အပြီးပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးအေးသိန်း (၇/ပခန(နိုင်) ၁၃၇၄၉၁) (ဖုန်း-၀၉-၇၉၉၀၈၀၆၈၀)**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ စံပြကျေးရွာနေ (အဖ) ဦးခမ်ဒိုး တွောင်နှင့် (အမိ) ဒေါ်ဖုဲလ်မန်းကျိန် ၄/တတန(နိုင်)၀၂၉၉၄၂ တို့၏သားဖြစ်သူ မောင်အွဲကျင့်ကိမ်း ၄/တတန(နိုင်)၀၅၅၈၁၇သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက် သည့် မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသီးခံပါ။)**

**(အမိ) ဒေါ်ဖုဲလ်မန်းကျိန်**
**၄/တတန(နိုင်)၀၂၉၉၄၂**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၈-၂၀၂၃ရက် မြန်မာ့ အလင်းသတင်းစာ စာမျက်နှာ(၃၁) တွင်ပါရှိသော ဒေါ်ရွှေဇင်အိ(အထက် တန်းရှေ့နေ)၏ ကန့်ကွက်နိုင် ကြောင်း ကြော်ငြာတွင် (ယခု အခေါ်အမှတ် ၆၅၄/က) အစား (ယခုအခေါ် အမှတ် ၆၄၅/က) ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

---

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/7994 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**




## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Anhui Guangxin Agrochemical Co., Ltd, China မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို မူလဖြန့်ဖြူးသူ Agro Green Land Chemical Co. Ltd. မှ Aung Linn Animal Health Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | Guang Cyper | Alpha-Cypermethrin 100 g/1EC | Provisional | P2021-5245 |
| 2 | Guang Xam GR | Thiamethoxam 5% GR | Provisional | P2019-4774 |

သို့ဖြစ်ပါ၍ အဆိုပါပိုးသတ်ဆေး ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Agro Green Land Chemical Co. Ltd.**
**အမှတ်(၆၁)၊ ဂရုဏာလမ်း၊**
**ကညနရုံးအနီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်၊**
**ဖုန်း-၀၉-၇၇၇၇၅၈၈၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/83170, Turbo Star-125 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မျိုးအောင် ၉/ရမသ(နိုင်)၀၀၉၉၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/ ၆၈၂၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းမင်းအောင် ၁၀/သထန(နိုင်)၂၁၉၂၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၃၁၆၇၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွေသဇင်မိုး ၃/ဘအန(နိုင်)၄၅၆၇၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/ 85462 အမျိုးအမည် Honda Scoopyi-110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးထက်နိုင်ဝင်း ၅/မမန(နိုင်)၁၁၈၇၈၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/77882 အမျိုးအမည် Yunde-110 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်စောသန္တာအောင် ၅/မရန(နိုင်)၁၅၇၅၇၈ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/ 8412 အမျိုးအမည် Luojia-110 အမျိုးအစား W/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းကျော်စံ ၅/ခကန(နိုင်)၁၅၂၄၅၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## ဒု-ဦးစီးမှူး(စက်/လျှပ်)ရာထူးနေရာများအတွက် ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် ( ၃ / ၂၀၂၃ )
## ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ( ၃ )ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ (၁၇-၅-၂၀၂၃)ရက်စွဲပါ ကြော်ငြာစာအမှတ်(၁/၂၀၂၃)ဖြင့် ကြော်ငြာခေါ်ယူခဲ့သည့် ဒု-ဦးစီးမှူး(စက်/လျှပ်) ရာထူး(၃၀) နေရာအတွက် ရေးဖြေအောင်မြင်သူများအား (၁၆-၇-၂၀၂၃)ရက်နေ့တွင် လူတွေ့အရည်အချင်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး အတည်ပြုရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ဖော်ပြပါအတိုင်း ကြေညာလိုက်သည် -

EP-1, EP-2, EP-3, EP-4, EP-5, EP-7, EP-9, EP-10, EP-11, EP-12, EP-13, EP-14, EP-15, EP-18, EP-21, EP-22, EP-24, EP-25, EP-28, EP-33, EP-35, EP-36, EP-39, EP-40, EP-46, EP-48, EP-50, EP-54, EP-55, EP-57

၂။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၀၀၀၆၆) သို့ ( ၁၄-၈-၂၀၂၃ )ရက်နေ့ ရုံးချိန်အတွင်း လူကိုယ်တိုင်သတင်းပေးပို့ရမည်ဖြစ်သည်။ သတင်းပို့ရန် ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်သူများ၏ ရာထူးနေရာများ၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေးတန်းစီဇယားအမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၃။ အဆိုပါရွေးချယ်ခံရသူများ၏ ခုံအမှတ်စာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mmတွင် ကြည့်ရှုနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရောင်းရွာနေ ဒေါ်သန်းငွေး၏ခင်ပွန်း၊ မမေဇင်မြင့်(မူပြဆရာမ)၊ မဆွေဇင်မြင့်(Final Year DVM,Yezin, Nay Pyi Taw)၊ မလှဆွေဇင်(DTEd 23/18)၊ မအေးအေးအောင် (G-12)၊ မကျော့ကျော့ယဉ် (G-8)တို့၏ဖခင် ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့် ၅/ဖပန(နိုင်)၀၄၁၇၁၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိတ္တူထုတ်ပေးခြင်းကိုကန့်ကွက်ရန်

ယာဉ်အမှတ် 15U/1728 အမျိုးအမည် BAJAJ RE4S ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်စိုး ၆/မအရ(နိုင်)၀၈၇၀၆၄က မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါလျှင် ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**ကော့သောင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရေပုန်းနယ်မြေ၊ လမင်းရပ်ကွက်၊ လမင်း(၂)လမ်း၊ အိမ်အမှတ်(၈၅)ရပ်ကွက်နေ ဦးဇော်ဝင်း ၆/မအရ(နိုင်)၀၆၁၅၃၄ မှ "Moon" အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန်စီစဉ်လျက်ရှိပါသဖြင့် ဖော်ပြပါသောက်ရေသန့်အမည်ဖြင့် အမည်တူရှိခဲ့ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်မှတ်ပုံတင်ခြင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**ဖုန်း-၀၉-၂၅၃၁၆၃၀၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးမြို့၊ မြင်သာရပ်ကွက်နေ ဒေါ်ပြည့်မှုံးကိုမှ အကွက်အမှတ် (၁၃/မြင်သာရှေ့)၊ ဦးပိုင်အမှတ်(၈၉/၁၁၄)၊ ဧရိယာ(၀.၀၆၀)ဧကရှိမြေကွက်အားလည်းကောင်း၊ ဒေါ်သီတာဦးမှ အကွက်အမှတ် (၁၃/မြင်သာရှေ့)၊ ဦးပိုင်အမှတ်(၉၀/၁၁၅)၊ ဧရိယာ(၀.၀၆၀)ဧကရှိ မြေကွက်အားလည်းကောင်း၊ ဦးသန်းထွန်းမှ အကွက်အမှတ်(၁၃/မြင်သာရှေ့)၊ ဦးပိုင်အမှတ် (၈၀/၁၁၆)၊ ဧရိယာ(၀.၀၆၀)ကေရှိမြေကွက်အားလည်းကောင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် မြေငှားဂရန် ခွဲစိတ်အမည်ပြောင်း လျှောက်ထားရန် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်မှုံးကို၊ ဒေါ်သီတာဦး၊ ဦးသန်းထွန်း**
**အမှတ်(၉၅၃)၊ မင်းဘူး-စကုလမ်း၊ အမှတ်(၃)ရပ်ကွက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

